# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက် ၊ စနေနေ့ ၊ (1-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်၏ သဝဏ်လွှာ ပေးပို့ဖိတ်ကြားမှုအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ်သို့ တက်ရောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၀၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၅ တို့နှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားသည်။

အဆိုပါတတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့အစီအစဉ်တွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားသည့်အစီအစဉ်သို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊

စာမျက်နှာ ၁၆ ကော်လံ ၁

**အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်း**
စာမျက်နှာ – ၆

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM)တို့ တွေ့ဆုံဆွေးနွေး**
စာမျက်နှာ – ၂၁

**ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ တစ်သက်တာစာပေဆုကို ဆရာကြီး ဦးဖေငြိမ်း(ကျော်စောဟန်)၊ ဆရာကြီး ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)တို့ရရှိ**
စာမျက်နှာ – ၂၃

## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ မိုင်တိုင်အမှတ်(၂၅/၃)တွင် နိမ့်ကျကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ် ရပ်ကွက်များသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် လေးမျက်နှာမြို့နယ်

စာမျက်နှာ ၂၆ ကော်လံ ၁ ❑

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့် ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



## သီလဝါအထူးစီးပွားရေးဇုန်၌ သီလဝါ ၃ ဒသမ ၃၇ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမည်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် သီလဝါဥယျာဉ်မြို့တော် သီလဝါအထူးစီးပွားရေးဇုန် (SEZ)အတွင်း သီလဝါ ၃ ဒသမ ၃၇ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်းဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီးပွားရေးဇုန်၏သီလဝါ ၃ ဒသမ ၃၇ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး

စာမျက်နှာ ၂၆ ကော်လံ ၄ ❍

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၁ ရက်

## အယ်ဒီတာ့အာဘော်

# မြန်မာ-ဂျပန်စီးပွားရေးဖိုရမ်မှသည် နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့

မြန်မာနှင့် ဂျပန် နှစ်နိုင်ငံသည် ၁၉၅၄ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော် ရှိပြီဖြစ်သည်။ နှစ်နိုင်ငံကာလရှည် ကောင်းမွန်သောဆက်ဆံရေးက နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်လေးစားမှု၊ ချစ်ခင်ရင်းနှီးမှုနှင့် သံယောဇဉ်များသည် နှစ်နိုင်ငံသမိုင်းတွင် စံပြုရလောက်အောင် တည်တံ့ခိုင်မြဲလျက်ရှိသည်။

ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေမှာလည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၇၉၅ သန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉၄ ဒသမ ၃၉၄ သန်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၄၃ ဒသမ ၆၆၅ သန်းထိ ကုန်သွယ်မှုတန်ဖိုးရှိခဲ့သည်။ သီလဝါအထူးစီးပွားရေးဇုန်သည်လည်း မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မှု၏ထင်ရှားသည့်ပြယုဂ်ဖြစ်ပြီး ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ၂၉ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် အဓိကပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အဓိကတင်ပို့သည့် ပို့ကုန်များမှာ ချုပ်လုပ်ပြီးအထည်များ၊ ဖိနပ်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ ပုလဲနှင့် လျှပ်စစ်ပစ္စည်းများဖြစ်ပြီး ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းသည့်သွင်းကုန်များမှာ အထည်အလိပ်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဇာနှင့်ဇာထိုးအထည်အလိပ်များဖြစ်သည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကိုးနိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီပေါင်း ၃၀၀ ခန့်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး ဂျပန်နိုင်ငံသား ဦးရေ ၁၅၀၀ ကျော် နေထိုင်လုပ်ကိုင်လျက်ရှိသဖြင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်းဆက်ဆံရေးသည် ကောင်းမွန်တိုးတက်ခိုင်မာလာလျက်ရှိသည်။

ယခုအခါ မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာစေရန်နှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းနှင့် ဂျပန်နိုင်ငံ INGO Peace တို့ ပူးပေါင်းကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ဇူလိုင် ၂၈ ရက်က ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပခဲ့သည်။

ယခုဖိုရမ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်နိုင်မည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူငယ်လုပ်သားအင်အားတို့ကို ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံများနှင့် ပေါင်းစပ်နိုင်ပါက နှစ်ဖက်စလုံးအတွက် အကျိုးရှိမည့် Win-Win စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာစွာ တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ ဂျပန်နိုင်ငံသည် ယနေ့အချိန်ထိ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် တည်ဆောက်ရာတွင် MSME နှင့် SME လုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သဖြင့် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး MSME ကဏ္ဍတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရေးကိုလည်း ဖိတ်ခေါ်ထားသည်။

သို့ဖြစ်ရာ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်မှသည် နှစ်နိုင်ငံစီးပွားရေးဆက်ဆံရေးကို အဆင့်မြှင့်တင်ပေးမည့် အရေးပါသော ဆွေးနွေးဖလှယ်မှုတစ်ခုဖြစ်ခဲ့သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပေါ်ပေါက်လာစေရန်လည်း အထောက်အကူပြုမည်ဖြစ်သည့်အပြင် ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးသွားနိုင်မည့်ပင်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ဝမ်းတွင်းမြို့နယ် သဲတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ သဲတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဲတောလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ်၂၉ ဒသမ ၆၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကန့်ဘလူ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၉၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၁၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲ ဧက ၅၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၆၁၁၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပြီး အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ပျိုးရာမှာ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် နှစ်သိန်းကျော်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ်တွင် ငရုတ်သီးစိမ်းများအရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင်ငရုတ်သီးစိမ်းများ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဇလွန်မြို့နယ်မှာ ငရုတ်သီးစိမ်းတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေ ငရုတ်သီးစိမ်း အမျိုးအစားနှစ်မျိုးကို စိုက်ပျိုးတာတွေ့ရပါတယ်။ အခုလို ငရုတ်သီးစိမ်းတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဇလွန်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြသည်။

ဇလွန်မြို့နယ်မှတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ငရုတ်သီးစိမ်းစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# စဉ့်ကိုင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း (ဒေါင်းကျ)နှင့် အခြေခံပညာမူလတန်းကျောင်း (ချောင်းပတ်)၌ ကလေးငယ်များကို နွားနို့တိုက်ကျွေး

**စဉ့်ကိုင် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ပူးပေါင်းပြီး ကျောင်းနေအရွယ် ကလေးငယ်များ ခန္ဓာကိုယ်ကြီးထွားစေရန်၊ အရိုးအဆစ်များ သန်မာစေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကလေးငယ်များအား နွားနို့တိုက်ကျွေးခြင်းကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း (ဒေါင်းကျ)နှင့် အခြေခံပညာ မူလတန်းကျောင်း (ချောင်းပတ်)၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာချမ်းမြေ့ကျော်က နွားနို့သောက်သုံးသူနှင့် မသောက်သုံးသူ ကျောင်းသား၊ ကျောင်းသူများတွင် နွားနို့သောက်သုံးသော ကလေးငယ်များသည် ဉာဏ်ရည်ပိုမိုကောင်းမွန်ခြင်း၊ ကိုယ်ခန္ဓာအင်အားတောင့်တင်းပြီး ကိုယ်ခံအားကောင်းခြင်း၊ ကြီးထွားနှုန်း ပိုမိုကောင်းမွန်ခြင်း စသည့်နွားနို့သောက်သုံးခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ချမ်းမြေ့ကျော်နှင့် ဝန်ထမ်းများက အခြေခံပညာမူလတန်းကျောင်း (ဒေါင်းကျ)မှ ကျောင်းသား၊ ကျောင်းသူ ၁၆၅ ဦးနှင့် အခြေခံပညာမူလတန်းကျောင်း (ချောင်းပတ်)မှ ကျောင်းသား၊ ကျောင်းသူ ၁၀၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၇၃ ဦးကို နွားနို့များ စနစ်တကျ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

# ရမည်းသင်းမြို့နယ် ကူတိုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူတိုကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက VRFP စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကူတိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၅၉၀ စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၅၉၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် လက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင်၃၀ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ လက်သစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ရန်ပုံငွေကျပ်သိန်း ၂၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြန်အောင်မြို့နယ်တွင် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဌေးက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးကွမ်းရှပ်အစိုများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်းကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လဒုတိယပတ်မှ ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှထုတ်လုပ်ရောင်းချသည့်ငါးကွမ်းရှပ်ခြောက်များ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

" မြန်အောင်မြို့နယ်က ထွက်ရှိတဲ့ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလဒုတိယပတ်ကတည်းက ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေတာပါ။ အခုဒေသထွက် ငါးကွမ်းရှပ်ခြောက် အပါအဝင် ငါးခြောက်တွေကို ဒေသအစုံက ဝယ်ယူတာများနေပါတယ်။ အခုလို ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေတာကြောင့် ငါးမွေးမြူသူတွေ၊ ရေလုပ်သားတွေ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်" ဟု မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဌေးက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ အရောင်းအဝယ်ကောင်းသည့် ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၂၅၀၀၀ မှ ၆၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ရေဝါးပင်

ဒေါက်တာလပြည့်ခင်

ရေဝါးပင် သို့မဟုတ် ကျောက်ကပ်အားဖြည့်ဆေးပင်သည် ကန်စွန်းရွက်နှင့်ပုံစံတူ၊ မျိုးနွယ်တူဖြစ်ပြီး ရေဝါးပင်၏ ရုက္ခဗေဒအမည်မှာ Pseuderanthemum palatiferum ဖြစ်ကာ အာဟာရတန်ဖိုးမြင့်မားပြီး ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည်။ ရေဝါးပင်၏ အရွက်သည် ထိပ်ပိုင်းတွင်ချွန်ပြီး ရိုးတံနှင့် အရွက်များတွင် အမွေးပါးလေးများဖုံးအုပ်နေသည်။ ရေဝါးရွက်၏ အရောင်သည် ခရမ်း၊ အစိမ်း၊ မီးခိုး၊ ငွေရောင်နှင့် ကြေးရောင်ဟု အမျိုးမျိုးရှိကြသည်။

ရေဝါးပင်၏မူရင်းဒေသမှာ မက္ကဆီကိုနိုင်ငံ၊ အမေရိကအလယ်ပိုင်းနှင့် ကိုလံဘီယာနိုင်ငံတို့ဖြစ်ပြီး အထူးသဖြင့် ရေဝါးပင်သည် အပူပိုင်းရာသီဥတုရှိသည့်ဒေသများတွင် ရှင်သန်ပေါက်ရောက်နိုင်သည်။ အဓိကအားဖြင့် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် အိမ်ခြံဝင်းအတွင်း ဆေးဖက်ဝင်အပင်အဖြစ် အများဆုံးစိုက်ပျိုးကြသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံတွင် ရေဝါးပင်ကို ကျယ်ပြန့်စွာသုတေသနပြုလုပ်ပြီး ဆေးဝါးအဖြစ်အသုံးချမှုအလွန်များကြောင်း လေ့လာသိရှိရသည်။

**စားသုံးမှုပုံစံ**

ရေဝါးရွက်ကို ဒေသအလိုက်၊ ရောဂါအလိုက် ပုံစံအမျိုးမျိုးနှင့်စားသုံးကြသည်။ အရွက်နုဖြတ်စကလေးများကို ရေစင်စင်ဆေးပြီး ထမင်းဝိုင်းတွင် အတို့အမြုပ် သို့မဟုတ် အသုပ်ထဲထည့်ပြီး အစိမ်းအတိုင်းစားသုံးကြသည်။ ရေဝါးရွက်၏အရသာမှာ အနည်းငယ်ဖန်ခါးသည်။ ရေဝါးရွက်ကို နေလှန်းပြီး အခြောက်ခံကာ လက်ဖက်ခြောက်ကဲ့သို့ ရေနွေးတွင်ထည့်၍သောက်နိုင်သည်။ အရွက်စိုကို ရေနွေးပွက်ပွက်ဆူတွင်ထည့်ပြီး နေ့စဉ်ရေနွေးကြမ်းအဖြစ်သောက်သုံးခြင်းဖြင့် သွေးတိုး၊ ဆီးချိုရောဂါကို သက်သာစေနိုင်သည်။ ရေဝါးရွက်ကို ပါးပါးလှီးပြီး ကြက်သား သို့မဟုတ် ပုစွန်နှင့် ဟင်းချိုချက်စားနိုင်သည်။ ချက်ပြုတ်လိုက်သည့်အခါ ဖန်သည့်အရသာလျော့သွားတတ်ပြီး ဆေးဖက်ဝင်အာနိသင် ပိုမိုပြင်းထန်စွာရချင်သူများအနေဖြင့် အရွက်စိုများကို ထောင်းပြီး သို့မဟုတ် ကြိတ်ပြီး အရည်ညှစ်ကာ ဖျော်ရည်ပြုလုပ်၍ ချက်ချင်းသောက်သုံးနိုင်သည်။

**ပါဝင်သောအာဟာရတန်ဖိုးများ**

ရေဝါးရွက်တွင် ဆေးဖက်ဝင်အပင်အခြေခံဓာတုဒြပ်ပေါင်းများအပြင် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် အာဟာရတန်ဖိုးများလည်း ပြည့်စုံစွာပါဝင်နေသည်။ ခန္ဓာကိုယ်၏ဆဲလ်များ၊ ကြွက်သားများကို ပြုပြင်တည်ဆောက်ပေးသည့် အမိုင်နိုအက်စစ်အမျိုးအစားပေါင်း ၁၀ မျိုးကျော်ကြွယ်ဝစွာပါဝင်ပြီး ၎င်းတို့ထဲတွင် ခန္ဓာကိုယ်မှ သဘာဝအတိုင်းမထုတ်လုပ်နိုင်သည့်မရှိမဖြစ် အမိုင်နိုအက်စစ်များဖြစ်သည့် Lysine၊ Leucine၊ Isoleucine နှင့် Methionine တို့ပါဝင်သည်။ ရေဝါးရွက်တွင် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များအတွက်အရေးပါသည့် ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ သံဓာတ် စသည့်သတ္တုဓာတ်များ မြင့်မားစွာပါဝင်သည်။ ခန္ဓာကိုယ်အတွက် အရေးပါသောအာဟာရဓာတ်များဖြစ်သည့် ဗီတာမင်အေ၊ ဗီတာမင်စီနှင့် ဗီတာမင်အီးတို့ ပါဝင်သည့်အပြင် အမျှင်ဓာတ်လည်း ကြွယ်ဝစွာပါဝင်သည်။

သိပ္ပံနည်းကျသုတေသနပြုချက်များအရ ရေဝါးရွက်ထဲတွင် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများကို လျှော့ချပေးပြီး နှလုံးနှင့်သွေးကြောများကို ကာကွယ်ပေးသည့်အစွမ်းထက် Flavonoids နှင့် Polyphenols ကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး ဆီးချိုရောဂါကို သက်သာစေရန်ကူညီပေးသည့် Triterpenoids ပါဝင်ခြင်း၊ သွေးတွင်းမကောင်းသည့် ကိုလက်စထရောကို လျှော့ချပေးနိုင်သည့်အတွက် သွေးတိုးရောဂါခံစားနေရသူများအတွက် အထူးသင့်လျော်သည့် Phytosterols စသည့် သဘာဝဓာတုဒြပ်ပေါင်းများကြွယ်ဝစွာ ပါဝင်နေသည်။

**ဆေးဖက်ဝင်အသုံးပြုမှု**

ရေဝါးပင်ကို ဂျမေကာ၊ မလေးရှား၊ တရုတ်နှင့် မက္ကဆီကိုနိုင်ငံတို့၏ ရိုးရာဆေးများဖော်စပ်ရာတွင်လည်းကောင်း၊ လက်ဖက်ရည်ကြမ်းနှင့်တွဲစပ်ပြီး အအေးမိခြင်း၊ တီဘီရောဂါနှင့် သွေးဖိအားပြဿနာများကုသရာတွင်လည်းကောင်း အသုံးပြုကြသည်ဟု သိရသည်။



**ကျောက်ကပ်အားဖြည့်ဆေးပင်ဖြစ်သောရေဝါးရွက်**

လူ့ခန္ဓာကိုယ်တွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပြီး ပျက်စီးစပြုနေသောကျောက်ကပ်အတွက် ရေဝါးရွက်သည် အသုံးပြုနိုင်သောဆေးဖက်ဝင်အရွက်တစ်မျိုးဖြစ်သည်။ ကျောက်ကပ်ပျက်စီးသွားလျှင် ဆေးကုသရန်ခက်ခဲပြီး ကျောက်ကပ်အစားထိုးကုသလျှင်ပင် ဆေးဝါးနှင့်ကျန်းမာရေးကို သေချာဂရုမစိုက်မိသည့်အခါ အသက်သေဆုံးရတတ်သည်။ ထို့ကြောင့် လူတိုင်း ကျောက်ကပ်ကို မပျက်စီးမီကတည်းက သေချာဂရုစိုက်ကြရန်လိုအပ်သည်။ ရေဝါးရွက် ၁၅ ရွက်ခန့်ကို မြေအိုးတွင်ထည့်၍ ရေလက်ဖက်ရည် ပန်းကန်ခြောက်ခွက်ခန့်ထည့်ပြီး နှစ်ခွက်ကျန်အောင်ကျို၍ အဖတ်များကိုဖယ်ကာ တစ်နေကုန် အနည်းငယ်စီသောက်သုံးပေးခြင်းဖြင့် ဆီးရွှင်စေခြင်း၊ ဆီးကျန်ခြင်း၊ ဆီးပူခြင်းများကို သက်သာစေခြင်း၊ ကျောက်ကပ်အဆိပ်ကိုကျစေခြင်း၊ ကျောက်ကပ်ကြောင့် ဖောရောင်ခြင်းများကိုသက်သာစေခြင်း၊ ပျက်စီးစပြုနေသော ကျောက်ကပ်များကို ပြန်လည်သန့်ရှင်းကောင်းမွန်လာစေခြင်း စသည့် ကျောက်ကပ်ဆိုင်ရာရောဂါများကို သက်သာပျောက်ကင်းစေနိုင်ကြောင်း ဆေးပညာဆိုင်ရာစာပေများမှ လေ့လာမှတ်သားရသည်။

**ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးခြင်း**

ရေဝါးရွက်တွင် ပိုတက်စီယမ်ပါဝင်သောကြောင့် သွေးပေါင်ချိန်ကိုတည်ငြိမ်စေပြီး နှလုံးကျန်းမာရေးကို ကာကွယ်ပေးသည့်အပြင် ဆီးချို၊ သွေးချိုဓာတ်ကို ကျဆင်းစေရန် သဘာဝအတိုင်းအထောက်အကူပြုပြီး သံဓာတ်ပါဝင်သောကြောင့် သွေးအားကောင်းစေကာ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည်။

**ဆီးချိုထိန်းညှိပေးခြင်း**

ရေဝါးရွက်ကို နာတာရှည်ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်သည့် ဆီးချိုရောဂါရှိသူများတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိရန်အတွက် အသုံးပြုကြသည်။ ဆီးချိုရောဂါသည် သွေးတွင်းသကြားဓာတ်ကိုမြင့်တက်စေသည့် ကျန်းမာရေးပြဿနာတစ်ခုဖြစ်ပြီး အချိန်ကြာလာသည်နှင့်အမျှ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သကဲ့သို့ ကျောက်ကပ်ထိခိုက်မှုအပါအဝင် ပြင်းထန်သည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကိုလည်း ဖြစ်ပွားစေနိုင်သောကြောင့် ဆီးချိုရှိသူများအနေဖြင့် ရေဝါးရွက်အဆီအနှစ်များကို အသုံးပြုခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်သည်။

**သွေးတိုးရောဂါသက်သာစေခြင်း**

ရေဝါးရွက်၏ နောက်ထပ်ကျန်းမာရေးအာနိသင်တစ်ခုမှာ သွေးပေါင်ကိုထိန်းညှိပေးနိုင်ခြင်းဖြစ်သည်။ သွေးတိုးရောဂါဖြစ်ပွားမှုကို သက်သာစေရန်အတွက် သဘာဝဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည့် ရေဝါးရွက်ကိုအသုံးပြုပေးခြင်းဖြင့် သွေးပေါင်ချိန်မြင့်တက်မှုကို ကာကွယ်ပေးနိုင်သည်။

**အစာအိမ်နှင့်အူလမ်းကြောင်းကောင်းမွန်စေခြင်း**

ရေဝါးရွက်တွင် အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းမှန်စေသည့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ဝမ်းကိုက်ခြင်း၊ ဝမ်းပျက်ခြင်းနှင့် အစာအိမ်အနာဖြစ်ခြင်းများကို သက်သာစေနိုင်သည်။

**ခန္ဓာကိုယ်တွင်း အဆိပ်အတောက်ပြေစေခြင်း**

ရေဝါးရွက်သည် ဓာတ်တိုးခြင်းဒဏ်မှ ကာကွယ်ပေးကာ ခန္ဓာကိုယ်တွင်းအဆိပ်အတောက်ပြေစေပြီး ဆဲလ်များကိုကျန်းမာစေသည်။

**အရိုးနှင့်သွားများကိုသန်မာစေခြင်း**

ရေဝါးရွက်တွင် ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ ပါဝင်သောကြောင့် အရိုးနှင့်သွားများကိုသန်မာစေပြီး ကြွက်သားနှင့်အာရုံကြော လုပ်ဆောင်ချက်များကို အထောက်အကူပြုသည်။

**အမြင်အာရုံနှင့်အသားအရေကောင်းမွန်စေခြင်း**

ရေဝါးရွက်တွင် ဗီတာမင်အေပါဝင်သောကြောင့် အမြင်အာရုံနှင့် အသားအရေအတွက်ကောင်းမွန်စေပြီး ဗီတာမင်စီနှင့် ဗီတာမင်အီးတို့ ပါဝင်သောကြောင့် ကိုယ်ခံအားကောင်းမွန်စေပြီး ဆဲလ်များမပျက်စီးစေရန် ကာကွယ်ပေးသည်။

**အသားအရေကျန်းမာရေးကိုအကျိုးပြုခြင်း**

ရေဓာတ်ကြွယ်ဝသည့်ရေဝါးရွက်က အသားအရေကို ရေဓာတ်ဖြည့်ပေးနိုင်သောကြောင့် အရေပြားခြောက်သွေ့မှုကိုသက်သာစေရန် အသုံးပြုပေးနိုင်သည်။ ရေဝါးရွက်အရည်ကို အရေပြားတွင်လိမ်းပေးခြင်းဖြင့် အသားအရေကို ကျန်းမာစေပြီး အစိုဓာတ်ထိန်းပေးနိုင်သည်။ အရေပြားခြောက်သွေ့မှုကင်းစေရန် ထောက်ကူပေးသော်လည်း အရေပြားတွင် လိမ်းမည်ဆိုပါက ဓာတ်တည့်မှု ရှိ၊ မရှိ အရင်စမ်းသပ်ပြီးမှသာ လိမ်းသင့်သည်။

ရေဝါးရွက်တွင် သွေးတွင်းမှ အဆိပ်အတောက်များကိုဖယ်ရှားပေးနိုင်သော အာနိသင်တစ်ခုရှိသောကြောင့် သွေးတွင်းအဆိပ်အတောက်များကို ဖယ်ရှားပေးပြီး သွေးသန့်စေကာ အသားအရေကြည်လင်စေရန် ထောက်ကူပေးနိုင်သည်။

မျက်နှာတွင် အထူးသဖြင့် နှာခေါင်းနှင့် နှာခေါင်းတစ်ဝိုက်မှ ဆားဝက်ခြံများသက်သာစေရန်အတွက် ရေဝါးရွက်ကိုကြိတ်ပြီး ဆားဝက်ခြံများပေါ်တွင် သုတ်လိမ်းပြီး အသုံးပြုပေးနိုင်သည်။

ရေဝါးပင်သည် အရေပြားပြဿနာအမျိုးမျိုးကို သက်သာစေရန်အတွက် အသုံးပြုပေး၍ရသော သဘာဝအပင်တစ်မျိုးဖြစ်သောကြောင့် အရေပြားတွင်ဖြစ်တတ်သည့် ပွေး၊ ဝဲ၊ ညှင်းတို့ကဲ့သို့ အရေပြားပြဿနာများကင်းဝေးစေရန်နှင့် သက်သာစေရန်လည်း အသုံးပြုပေးနိုင်သည်။

ရေဝါးရွက်က ဝက်ခြံကြောင့် အရေပြားများရောင်ရမ်းခြင်းကိုသက်သာစေရန်အတွက်လည်း အသုံးပြုပေးနိုင်သည်။ ဝက်ခြံများကြောင့် နီမြန်းရောင်ရမ်းနေပါက ရေဝါးရွက်ကိုကြိတ်ပြီးအုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

ရေဝါးရွက်ကို ပြုတ်ရည်ဖြစ်စေ၊ ရေစင်အောင်ဆေးပြီး ကြိတ်ထားသည့်အနှစ်ကိုဖြစ်စေ ဝက်ခြံသက်သာစေရန် အသုံးပြုပေးနိုင်သည်။ ရေဝါးရွက်တွင်ပါဝင်နေသော အာဟာရဓာတ်များသည် ဝက်ခြံကို သက်သာစေရုံမက ဝက်ခြံအမာရွတ်များကိုပါ သက်သာစေနိုင်သည်။ ရေဝါးရွက်တွင် ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသောကြောင့် အရေပြားတွင် အရေးအကြောင်းများမဖြစ်ပေါ်စေရန် ကာကွယ်ပေးသကဲ့သို့ အရွယ်မတိုင်မီအိုမင်းရင့်ရော်မှုမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။ ရေဝါးရွက်သည် အသားအရောင်မညီညာမှုကို သက်သာစေပြီး အသားအရောင်ညီစေရန် ထောက်ကူပေးနိုင်သည့် အာနိသင်လည်းပါရှိသည်။

**သတိပြုရန်လိုအပ်သောရေဝါးရွက်**

ရေဝါးရွက်သည် အသားအရေကို ကျန်းမာစေပြီး ဘေးထွက်ဆိုးကျိုးများစွာမရှိသော်လည်း ရေဝါးရွက်ကို တိုက်ရိုက်အတိုင်းအသုံးပြုမည်ဆိုပါက ဓာတုဗေဒနည်းအရ သန့်စင်ထားခြင်းမဟုတ်သောကြောင့် ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်နိုင်သည်ကို သိရှိထားရန်လိုအပ်သည်။ ပထမအကြိမ်အသုံးပြုပြီး ဓာတ်မတည့်ဖြစ်ဖူးသူများ၊ ထိခိုက်လွယ်သောအသားအရေရှိသူများအနေဖြင့် အသုံးမပြုသင့်ပေ။

**အနှစ်ချုပ်**

ရေဝါးရွက်သည် သွေးတိုး၊ ဆီးချိုကို ကျစေရုံမျှမကဘဲ ခန္ဓာကိုယ်အတွက်လိုအပ်သည့် မရှိမဖြစ်အမိုင်နိုအက်စစ်များ၊ အရိုးအဆစ်သန်မာစေသည့် ကယ်လ်စီယမ်၊ နှလုံးကိုစောင့်ရှောက်သည့် ပိုတက်စီယမ်နှင့် ဗီတာမင်ဓာတ်များပါ ပြည့်ဝစွာပါဝင်နေသည့်အတွက် ဆေးဖက်လည်းဝင် အာဟာရလည်းဖြစ်စေသည့် သဘာဝ၏ လက်ဆောင်မွန်တစ်ခုဖြစ်သည်။ ရေဝါးရွက်သည် ဆေးဖက်ဝင်သည်မှန်သော်လည်း ဆေးဝါးအဖြစ် အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်သင့်ပြီး အထူးသဖြင့် ဆီးချိုကျဆေး၊ သွေးတိုးကျဆေး သောက်သုံးနေရသူများသည် ရေဝါးရွက်ကို ပမာဏအမြောက်အမြားစားသုံးမိပါက သွေးပေါင်ချိန်နှင့် သွေးချိုဓာတ်အလွန်အမင်းထိုးဆင်းသွားနိုင်သည့်အန္တရာယ်ရှိနိုင်သောကြောင့် မိမိခန္ဓာကိုယ်နှင့် သင့်လျော်သည့် ပမာဏခန့်သာချင့်ချိန်စားသုံးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

## ဖွံ့ဖြိုးတိုးတက်သာယာ ရက်တစ်ရာ

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ကြိုးစားလို့ ရွက်ဆောင်တာ၊
အရှိန်အဟုန်ကို ပိုမိုမြှင့်လျက်
ရက်တစ်ရာမှာ၊
အောင်မြင်မှုတို့ အဖြာဖြာ
ခွင့်လမ်းသာ နိုင်ငံ့အရေး၊
တာဝန်မှာ စေတနာထားလို့
မြင့်မားတယ်လေး။

❖ ဒီမိုကရေစီ ပြည်သူချစ်
စစ်မှန်တဲ့ လမ်းကြောင်းတွင်၊
ငြိမ်းချမ်းစွာ တူယှဉ်မြဲ
လက်တွဲလို့ပင်၊
ပြည်သူ့အရေး ဦးထိပ်တင်
ထာဝစဉ် ညီညွတ်စို့၊
တို့မြန်မာ ခေါင်းဆောင်ကောင်းနဲ့
အောင်ကြောင်းဖြာလို့။

❖ နိုင်ငံတိုင်းမှာ စီးပွားရေး
မြင့်မားတွေးလို့ ပုံဖော်သလေ၊
မြန်မာတွေ ရွှေသီးဖို့
မြေကြီးတည်နေ၊
စိုက်ပျိုးမွေးမြူရေး အထွေထွေ
ထုတ်ကုန်တွေ နှစ်ဆတိုးရေး၊
နည်းပညာ ဦးဆောင်မှုနဲ့
ပြုရွက်ဆောင်ပေး။

❖ ပညာရည် မြင့်မားမှ
ဝင့်ကြွားလှ တိုးတက်သာ၊
နိုင်ငံတော် ဖွံ့ဖြိုးရေး
အားပေးခဲ့တာ၊
သတ်မှတ်တဲ့ ရက်တစ်ရာ
ထက်အာကာ စိုးမိုးရေး၊
အောင်မြင်စွာ စွမ်းဆောင်မှု
ဂုဏ်ပြုတယ်လေး။

❖ ပတ်ဝန်းကျင် သဘာဝ
လှပမှ နေချင်ဖွယ်၊
နိုင်ငံတော် သာယာဖို့
ကြိုးစားခဲ့တယ်၊
အောင်မြင်မှု အဖြာဖြာရယ်
ရှုစဖွယ် သန့်သန့်ရှင်း၊
ကျန်းမာချမ်းသာ စိတ်ခွန်အား
တိုးပွားလေခြင်း။

❖ ပြည်သူတွေ လူမှုဘဝ
အေးမြလို့ တည်ငြိမ်အောင်၊
တပ်မတော်သည် အားမာန်ဖွဲ့နှင့်
ထူးကဲစွမ်းဆောင်၊
ခက်ခဲပေါင်း များရာထောင်
ပွဲတိုင်းအောင် တပ်မတော်အစွမ်း၊
အဖျက်ရန် တိုက်ထုတ်ပေးလို့
ပြည်သူတွေ ရင်မှာနွေးတယ်
အေးမြရွှင်လန်း။

❖ တိုင်းပြည်တည်ငြိမ် အေးချမ်းရေး
မြော်ကာတွေး ရွက်ဆောင်တာ၊
နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု
ရေးရှုမှန်စွာ၊
နိုင်ငံ့အတွက် စားရေရိက္ခာ
သာမန်ထက် ကျော်လွန်ရေး၊
ပို့ကုန်တွေ များစွာတိုးအောင်
ကြိုးစားတယ်လေး။

❖ နိုင်ငံတော် ဦးဆောင်မှု
ကောင်းအောင်ပြု ထင်ရှားပြီ၊
ရက်တစ်ရာ စီမံကိန်း
ပြည့်ဂုဏ်ဟိန်းသည်၊
အနာဂတ်အတွက် အခြေတည်
အာကာသဆီ ချီတက်ရေး၊
နိုင်ငံတော် အိပ်မက်များ
ထင်ရှားပြီလေး။

❖ နိုင်ငံမှာ ခေါင်းဆောင်ကောင်း
အောင်မြင်ကြောင်း ရလာဘ်တွေ၊
စည်းလုံးညီညာ တူဆောင်ရွက်
ထက်မြက်လှပေ၊
ကဏ္ဍစုံ တိုးတက်နေ
မြန်မာတွေ ရွှေရောင်လွှမ်း၊
ကမ္ဘာမှာ မြန်မာတို့
ရှေ့သို့တက်လှမ်း။

❖ ဒီမိုကရေစီ ပြည်သူ့အစိုးရ
ဦးဆောင်ပြ လမ်းကြောင်းမှန်၊
နိုင်ငံတော် ပြည့်အရေး
အောင်စိတ်တွေးကြံ၊
မြန်မာနိုင်ငံကြီး တိုးတက်ရန်
ပြည်သူ့အသံ ပြည်သူ့အရေး၊
အလေးထားကာရွက်ဆောင်မှုကို
ဂုဏ်ပြုတယ်လေး။ ။

**ဘုန်းမောင်ဝင်း (ဗျာပုံ)**

## မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**မြောင်းမြ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ကေ ၂၆၀၀ ကို ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများ အထွက်နှုန်းတိုးတက်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ စားဖိုဆောင်သီးနှံ ကေ ၂၆၀၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးဖြစ်တဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## မော်လမြိုင်မြို့နယ် ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မော်လမြိုင် ဇူလိုင် ၃၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်လမြိုင်မြို့နယ် ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကော့ခပိုကျေးရွာတွင် ကုန်ထုတ်လမ်း အရှည် ပေ ၁၃၂၀၊ အကျယ် ၁၄ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၄၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခြူးကမ္ဘာမာန်ကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းထံမှ သိရသည်။

သုတ

## မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဇူလိုင် ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ပါလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပါလောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

ဇင်မာ


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။



**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေပြဋ္ဌာန်း

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အွန်လိုင်းလိမ်လည်မှုနှင့် သက်ဆိုင်သည့် အောက်ဖော်ပြပါကျူးလွန်မှုတစ်ရပ်ရပ်အတွက် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) နိုင်ငံတော်၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် သို့မဟုတ် အခြားစက်တပ်ယာဉ်တစ်မျိုးမျိုးပေါ်တွင် ကျူးလွန်မှု၊

(ဂ) နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင်ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားကဖြစ်စေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားကဖြစ်စေ နိုင်ငံတော်ပြင်ပတွင်ကျူးလွန်မှု၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်မှု။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို ဆိုသည်။

(င) **ဗဟိုဌာန** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဗဟိုဌာန (Anti – Scam Centre) ကို ဆိုသည်။

(စ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ဆ) **အွန်လိုင်းလိမ်လည်မှု (Online Scam)** ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့် နည်းပညာအသုံးပြု၍ လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် သူတစ်ဦးဦး၏ ငွေကြေးကိုဖြစ်စေ၊ အဖိုးတန်ပစ္စည်းကိုဖြစ်စေ လှည့်ဖြားရယူခြင်းကို ဆိုသည်။

(ဇ) **အချက်အလက် (Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့် အချက်အလက်ကို ဆိုသည်။

(ဈ) **ဘဏ်ငွေစာရင်း (Bank Account)** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းတစ်ရပ်ရပ်၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်းအကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကို အသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်း ပါဝင်သည်။

(ည) **ကြားခံဘဏ်ငွေစာရင်း (Mule Account)** ဆိုသည်မှာ ရာဇဝတ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးများကိုလွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် ငွေကြေးခဝါချခြင်း ပြုလုပ်နိုင်ရန်အတွက် မိမိ၏ဘဏ်ငွေစာရင်း အီလက်ထရောနစ်ဝေါလက် (E-wallet) သို့မဟုတ် ဆင်းကတ် (SIM CARD) ကို အခြားသူတစ်ဦးအား အသုံးပြုခွင့်ပေးထားခြင်း သို့မဟုတ် အငှားချထားခြင်းကို ဆိုသည်။

(ဋ) **မိုဘိုင်းငွေကြေးစာရင်း (Mobile Financial Services Account)** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် အလို့ငှာ ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေးတန်ဖိုးတစ်ရပ်ကို ထိုသူ၏ မိုဘိုင်းဖုန်းတွင် သိုမှီးပေးထားခြင်းကို ဆိုသည်။

(ဌ) **ဆက်သွယ်ရေးကွန်ရက်(Communication Network)** ဆိုသည်မှာ စာသား၊ အသံ၊ ရုပ်ပုံ၊ ရုပ်သံဗီဒီယို သို့မဟုတ် အချက်အလက် (Data) တစ်ရပ်ရပ်ကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့ခြင်း၊ လက်ခံခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖလှယ်ခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် ကြိုးမဲ့စနစ်၊ ကြိုးသုံးစနစ်၊ အလင်းဖိုင်ဘာစနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ် သို့မဟုတ် အခြား လျှပ်စစ်သံလိုက်စနစ်တစ်ခုခုဖြင့် ချိတ်ဆက်ထားသော ထိန်းချုပ်မှုစနစ်နှင့် အခြေခံအဆောက်အအုံကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အများပြည်သူသုံး ဆက်သွယ်ရေးကွန်ရက်၊ သီးသန့်ကွန်ရက်နှင့် အင်တာနက်ကွန်ရက်တို့လည်း အကျုံးဝင်သည်။

(ဍ) **လူမှုကွန်ရက် (Social Network)** ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အခြေပြု၍ အသုံးပြုသူက မိမိ၏ကိုယ်ရေးအချက်အလက်များ သို့မဟုတ် ဒီဂျစ်တယ်အကြောင်းအရာ (Digital Content)များကို ဖန်တီးခြင်း၊ လွှင့်တင်ခြင်း၊ ဖလှယ်ခြင်းနှင့် အခြားအသုံးပြုသူများနှင့် အပြန်အလှန်ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် အွန်လိုင်းအခြေပြုဝန်ဆောင်မှု၊ ဝက်ဘ်ဆိုက်(website) သို့မဟုတ် ဆော့ဖ်ဝဲအပလီကေးရှင်း (Software Application) ကို ဆိုသည်။

(ဎ) ဆက်သွယ်ရေးအော်ပရေတာ ဆိုသည်မှာ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအပါအဝင် နိုင်ငံတစ်ဝှမ်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးထားသော အော်ပရေတာများကို ဆိုသည်။

(ဏ) **အင်တာနက်ဝန်ဆောင်မှုပေးသူ (Internet Service Provider – ISP)** ဆိုသည်မှာ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၃ (ဒ)အရ လုပ်ငန်းလိုင်စင်ရယူ၍ အင်တာနက်ဝန်ဆောင်မှုပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတော်အတွင်း အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊

(ခ) နယ်စပ်ဒေသများမှတစ်ဆင့် နိုင်ငံတော်အတွင်းသို့ ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်နိုင်ရန်၊

(ဂ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ မှုခင်းများကို အမြစ်ပြတ်ဖော်ထုတ် အရေးယူဆောင်ရွက်နိုင်ရန်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူ ထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ် နိုင်ရန်၊

(င) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများ နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား သတင်းအချက်အလက် ဖလှယ် နိုင်မည့်စနစ်တစ်ခု တည်ထောင်နိုင်ရန်၊

(စ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာတွင် ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ် ထိန်းသိမ်းနိုင်ရန်၊

(ဆ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ ပြောင်းနိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာမှရရှိလာသည့် အကျိုး အမြတ်များကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်ရန်၊

(ဇ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အွန်လိုင်းလိမ်လည်မှုများကို နည်းပညာ ပိုင်းဆိုင်ရာ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းစောင့်ကြည့်ခြင်း၊ စိစစ်ဖော်ထုတ်ခြင်းနှင့် အရေးယူ ခြင်းတို့ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊

(ဈ) အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို အများပြည်သူသို့ ဒေသခံဘာသာစကားဖြင့် အသိပညာပေးခြင်း ဆောင်ရွက်ရန်။

### အခန်း(၃)
### ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်း ရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဥက္ကဋ္ဌ / ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၆) | တိုင်းမှူး<br>သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှအဆက်

(၁၇) တပ်ဖွဲ့မှူး အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၁၈) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
ပြည်ထဲရေးဝန်ကြီးဌာန

(၁၉) ဒုတိယရဲချုပ်(၂) တွဲဖက်အတွင်းရေးမှူး(၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
ပြည်ထဲရေးဝန်ကြီးဌာန

(၂၀) ဌာနကြီးမှူး တွဲဖက်အတွင်းရေးမှူး(၂)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
ပြည်ထဲရေးဝန်ကြီးဌာန

(၂၁) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး (၃)
မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
ပြည်ထဲရေးဝန်ကြီးဌာန

( ခ ) ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊

( ခ ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် လိုအပ်သည့်ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

( ဂ ) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဃ) နိုင်ငံတကာနှင့်ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှုကွန်ရက်များ၏ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းပြုကာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊

( င ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်မှုစင်တာများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( စ ) လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများ ကျူးလွန်သည့် အွန်လိုင်းလိမ်လည်သူ ခေါင်းဆောင်နှင့်အဖွဲ့ကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊

( ဇ ) အွန်လိုင်းလိမ်လည်မှုမှရရှိသော ငွေကြေးနှင့်ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေးဆောင်ရွက်ခြင်း၊

( ဈ ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ည) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့် အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းရန် ဒေသဆိုင်ရာကော်မတီများသို့ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဋ ) အွန်လိုင်းလိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကို လက်ခံ၍ သက်ဆိုင်ရာဌာနများမှတစ်ဆင့် အကူအညီများပေးနိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း (ဘဏ်လုပ်ငန်းဝန်ဆောင်မှုရပ်ဆိုင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်း)၊

( ဌ ) ဆက်သွယ်ရေးအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများ အပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန် အသုံးပြုသော မိုဘိုင်းတယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊

( ဍ ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့်နိုင်ငံခြားသားများကို ကယ်ဆယ်ရန် အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဎ ) ကယ်ဆယ်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို အများပြည်သူအား အသိပညာပေးခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၄)

## ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဗဟိုကော်မတီသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

( ၁ ) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ၂ ) လူမှုရေးရာဝန်ကြီး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ၃ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ် အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ၄ ) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ၅ ) တိုင်းဦးစီးချုပ် အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

( ၆ ) ဒီဂျစ်တယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်သွယ်ရေး အဖွဲ့ဝင်
ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသူ

( ၇ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ၈ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၉ ) ပညာရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

(၁၀) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၁၁) ရဲတပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

( ခ ) ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

( ၁ ) ဥက္ကဋ္ဌ ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

( ၂ ) အဖွဲ့ဝင်(၃) အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

( ၃ ) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
နေပြည်တော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ၄ ) တိုင်းဦးစီးချုပ် အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

( ၅ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊
ဥပဒေရေးရာဝန်ကြီးဌာန

( ၆ ) ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး အဖွဲ့ဝင်
ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသူ

( ၇ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ၈ ) ပြည်ထောင်စုနယ်မြေဦးစီးမှူး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၉ ) အဖွဲ့ဝင်(၁) အတွင်းရေးမှူး
နေပြည်တော်ကောင်စီ

(၁၀) ရဲတပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

( ဂ ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ဒေသဆိုင်ရာကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်သည်အထိ ဖော်ထုတ်တိုက်ဖျက်ခြင်း၊

( ခ ) အွန်လိုင်းလိမ်လည်မှုဖော်ထုတ်ဖမ်းဆီးရန် အထူးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ဂ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့်အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုပြုလုပ်သည့်နေရာများသို့ ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းခြင်း၊

( င ) ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

( စ ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဆ) အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို အများပြည်သူသို့ ဒေသခံဘာသာစကားဖြင့် အသိပညာပေးခြင်း။

## အခန်း(၅)

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၉။ ဗဟိုကော်မတီသည်–

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

( ၁ ) တပ်ဖွဲ့မှူး အဖွဲ့ခေါင်းဆောင်
မှုခင်းရဲတပ်ဖွဲ့၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

( ၂ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှအဆက်

( ၃ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ၄ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

( ၅ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

( ၆ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

( ၇ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၈ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ၉ ) ဌာနမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊
ပြည်ထဲရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မှုခင်းဌာန၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊
ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဒုတိယတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊
ပြည်ထဲရေးဝန်ကြီးဌာန

(၁၂) ဌာနမှူး — အဖွဲ့ဝင်
နည်းပညာဌာန၊ မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊
ပြည်ထဲရေးဝန်ကြီးဌာန

(၁၃) ဌာနမှူး — အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

( ခ ) ဗဟိုဌာနကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူက ဖုန်းဆက်၍ သတင်းပို့နိုင်ရန် ၂၄ နာရီ အရေးပေါ်တယ်လီဖုန်းအမှတ် (Hotline) သတ်မှတ်ပေးခြင်း၊

( ခ ) အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန် အရေးပေါ်တယ်လီဖုန်းအမှတ်၊ မိုဘိုင်းအက်ပလီကေးရှင်း(Mobile Application)၊ ဝက်ဘ်အက်ပလီကေးရှင်း(Web Application)တို့ကို တည်ထောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) နစ်နာသူများ၏ သတင်းပို့တိုင်ကြားချက်များကို စိစစ်အတည်ပြုခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ဘဏ်ငွေစာရင်း၊ ဘဏ်အမည်၊ လွှဲပြောင်းသည့်ငွေကြေးပမာဏနှင့် လွှဲပြောင်းသည့်အချိန် စသည့်အချက်အလက်တို့ကို စာရင်းရေးသွင်းခြင်း၊

( င ) ရရှိလာသော အချက်အလက်များကို ဘဏ်စနစ်အတွင်း အမြန်ဆုံးစစ်ဆေးခြင်း၊ အွန်လိုင်းလိမ်လည်မှုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အရေးကြီးသောအမှု (Emergency Case) အဖြစ် သတ်မှတ်ခြင်း၊

( စ ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူ၏ ဘဏ်ငွေစာရင်းကို ချက်ချင်းယာယီပိတ်ပင် (Debit Freeze)ခြင်း၊

(ဆ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုသော ကြားခံဘဏ်ငွေစာရင်း(Mule Account)များနှင့် ဆင်းကတ်(SIM Card)များကို ထိရောက်စွာ အရေးယူပိတ်ဆို့ခြင်း၊

( ဇ ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းတွင် ကျန်ရှိနေသော ငွေများကို ဆက်လက်မဆုံးရှုံးစေရန် ယင်း၏ အီလက်ထရောနစ်နည်းပညာသုံး ဘဏ်ငွေစာရင်း (Digital Banking Account) ယာယီပိတ်ပေးခြင်း၊

( ဈ ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူ ဆုံးရှုံးသွားသောငွေကြေးကို အမြန်ဆုံး ပြန်လည်ရရှိနိုင်စေရန် ငွေကြေးစီးဆင်းမှုများကို ယာယီဆိုင်းငံ့ခွင့်နှင့် စစ်ဆေးခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျသတ်မှတ်ခြင်း၊

(ည) ငွေကြေး ဆက်လက်စီးဆင်းသွားသည့် ဘဏ်ငွေစာရင်းများကို ခြေရာခံခြင်း၊

( ဋ ) အခြေခံအချက်အလက်များကို နီးစပ်ရာရဲစခန်းသို့ပေးပို့၍ ပထမသတင်းပေးတိုင်ချက်ဖွင့်ရန် ဆက်သွယ်ပေးခြင်း၊

( ဌ ) ယာယီဆိုင်းငံ့ထားသော အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းကို ပြန်လည်ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဍ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သည့် မိုဘိုင်းဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်၊ လင့်များနှင့် ငွေကြေးလွှဲပြောင်းမှုပုံစံများကို နည်းပညာဖြင့် စောင့်ကြည့်ဖော်ထုတ်ခြင်း၊

( ဎ ) သတင်းအချက်အလက်နှင့် အထောက်အထားများကို စိစစ်အတည်ပြု၍ အမှုတွင် သက်သေခံအထောက်အထားအဖြစ် အသုံးပြုနိုင်ရန် ပေးပို့ခြင်း၊

(ဏ) နောက်ဆုံးပေါ်အွန်လိုင်းလိမ်လည်မှုပုံစံများကို အများပြည်သူသိရှိစေရန် သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူကို ဥပဒေဆိုင်ရာ အကူအညီရရှိရေး ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုနှင့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၆)
## တားဆီးကာကွယ်ခြင်း

၁၁။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများသည်-

(က) မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်း (Know Your Customer- KYC) ဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence-CDD)ဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်ပြီးနောက် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူ၏ကိုယ်စားလှယ်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို နိုင်ငံသားစိစစ်ရေးကတ်မှုရင်းနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုသည့်စနစ် သို့မဟုတ် ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique ID- UID) ဖြင့် တိုက်ဆိုင်စစ်ဆေး အတည်ပြုသည့်စနစ် သို့မဟုတ် အွန်လိုင်းမှ တိုက်ရိုက်တိုက်ဆိုင် စစ်ဆေးအတည်ပြုသည့်စနစ် ချမှတ်ဆောင်ရွက်ရမည်၊

( ခ ) ပုဒ်မခွဲ(က)ပါ မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ကို စိစစ်ချက်အရဖြစ်စေ ပြည့်စုံမှုမရှိသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော အချက်အလက် စိစစ်တွေ့ရှိရပါက မိုဘိုင်းငွေကြေးစာရင်းကို ဖွင့်လှစ်ပေးခြင်းမပြုရ။

၁၂။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ သတ်မှတ်ချက်နှင့်အညီ သတင်းပို့ရမည်။

၁၃။ နယ်စပ်လုံခြုံရေးစခန်းများသည် ကုန်းလမ်းမှလည်းကောင်း၊ ရေလမ်းမှလည်းကောင်း နိုင်ငံခြားသားများ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ထွက်မှုကို စစ်ဆေးတွေ့ရှိပါက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်ရမည်။

၁၄။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုကို ကာကွယ်ရန်-

(က) ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ဘဏ်ငွေစာရင်းများရောင်းချခြင်း၊ အခြားသူတစ်ဦးဦးကိုဖြားယောင်းသွေးဆောင်ပြီး ဘဏ်ငွေစာရင်းများဖွင့်၍ဝယ်ယူခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ဘဏ်ငွေစာရင်း သို့မဟုတ် မိုဘိုင်းပေး (Mobile Pay) စာရင်းများ ဖွင့်လှစ်ခြင်းတို့မရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

( ခ ) ဆင်းကတ်များအခြားသူထံမှဝယ်ယူပြီး ဆက်သွယ်ရေးကွန်ရက်တွင် နည်းပညာအသုံးပြု၍ ငွေကြေးလိမ်လည်ခြင်း၊ ရရှိသောငွေကြေးများကို ပြည်ပနိုင်ငံများသို့ အဆင့်ဆင့်လွှဲပြောင်းခြင်းများမရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

( ဂ ) လူမှုကွန်ရက်၊ ဝက်ဘ်ဆိုက်၊ မိုဘိုင်းအက်ပလီကေးရှင်းများ အသုံးပြု၍ ဆက်သွယ်ရေးကွန်ရက်တွင် ငွေကြေးလိမ်လည်မှုပြုလုပ်သူကို စောင့်ကြည့်သတင်းရယူခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အသွင်ယူစုံစမ်းခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဃ) လူမှုကွန်ရက်တွင် သံသယဖြစ်ဖွယ်တွေ့ရှိရသော အကောင့်များအား စုံစမ်းထောက်လှမ်းနိုင်ရေးနှင့် ပိတ်သိမ်းနိုင်ရေးအတွက် နည်းပညာတိုးမြှင့်ဆောင်ရွက်ရမည်၊

( င ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သည်ဟု သံသယဖြစ်ဖွယ်ရှိသော ဝက်ဘ်ဆိုက်များကို ပိတ်သိမ်းနိုင်ရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၇)
## သတင်းအချက်အလက်ဖလှယ်ခြင်း

၁၅။ အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုများကို တားဆီးနှိမ်နင်းရန်အလို့ငှာ အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်အကောင့်များ၊ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို ဗဟိုဒေတာစနစ် (Centralized Database) မှတစ်ဆင့် အပြန်အလှန် ဖလှယ်ရမည် -

(က) ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ (Financial Institutions)၊

( ခ ) အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ (E-payment Service Providers)၊

( ဂ ) ဆက်သွယ်ရေး အော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများ အပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများ။

၁၆။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်-

(က) မိမိတို့၏ စနစ်အတွင်း သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်သည်ဟု သံသယဖြစ်ဖွယ် လုပ်ဆောင်ချက်များကို စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်၊

( ခ ) သံသယဖြစ်ဖွယ် ဘဏ်ငွေစာရင်း သို့မဟုတ် ငွေကြေးလွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ အခြားဘဏ်တစ်ခုက စုံစမ်းမေးမြန်းလာလျှင် အချက်အလက်များကို ချက်ချင်းမျှဝေရမည်။

၁၇။ ဆက်သွယ်ရေးအော်ပရေတာသည်-

(က) ဆင်းကတ် မှတ်ပုံတင်ထားသူ၏ အချက်အလက်များ၊ အသုံးပြုသည့် တည်နေရာနှင့် ခေါ်ဆိုမှုမှတ်တမ်း (Call Details Record-CDR) များကို စနစ်တကျ ထိန်းသိမ်းထားရမည်၊

( ခ ) ပုဒ်မခွဲ(က)ပါ အချက်အလက်များကို ဗဟိုဌာနကတောင်းခံလာလျှင် ချက်ချင်းပေးပို့ရမည်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

(ဂ) အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုနေသည်ဟု ယူဆရသော သံသယဖြစ်ဖွယ် ဆင်းကတ်များကို ယာယီပိတ်သိမ်းခြင်း၊ အချက်အလက်များ ပြန်လည်စိစစ်ခြင်းနှင့် ဗဟိုဌာနသို့သတင်းပေးပို့ခြင်းများကို ဆောင်ရွက်ရမည်။

၁၈။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများအပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများသည် ဖလှယ်သောသတင်းအချက်အလက်များကို အွန်လိုင်းလိမ်လည်မှု မှုခင်းများ တားဆီးနှိမ်နင်းရေးအတွက်သာ အသုံးပြုရမည်ဖြစ်ပြီး ကိုယ်ရေးအချက်အလက် ကာကွယ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ လုံခြုံစွာထိန်းသိမ်းရမည်။

## အခန်း(၈)
## ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁၉။ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူသည် မိမိ၏ငွေကြေးလွှဲပြောင်းမှုကို သိရှိပြီးနောက် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းသို့ အမြန်ဆုံးအကြောင်းကြား၍ ငွေကြေးလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန် တောင်းဆိုနိုင်သည်။

၂၀။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းသည် ပုဒ်မ ၁၉ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် သံသယဖြစ်ဖွယ် ဘဏ်ငွေစာရင်းကို ၇၂ နာရီထက်မပိုသော ကာလအထိ ယာယီဆိုင်းငံ့ခြင်း (Temporary Suspension)ကို ဆောင်ရွက်ရမည်။

၂၁။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်-

(က) ဤဥပဒေအရ အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုနှင့်စပ်လျဉ်း၍ ဗဟိုဌာန သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အကြောင်းကြားချက်ရရှိပါက ငွေကြေးလွှဲပြောင်းမှုဆိုင်းငံ့ခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ငွေကြေးလွှဲပြောင်းမှုဆိုင်းငံ့ရန် ပျက်ကွက်ခြင်း၊ ကြန့်ကြာခြင်းတို့ကြောင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းရှိ ငွေကြေးလွှဲပြောင်းမှု မဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်။

၂၂။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် ပုဒ်မ ၁၉ အရ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းသို့ အကြောင်းကြားပြီး ၂၄ နာရီအတွင်း ဗဟိုဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းတိုင်ကြားမှုစနစ် (Online Complaint Portal) မှတစ်ဆင့်ဖြစ်စေ ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်တင်ပြတိုင်ကြားနိုင်သည်။

၂၃။ ဗဟိုဌာနသည်-

(က) တိုင်ကြားချက်ကိုစိစစ်၍ မှန်ကန်ပါက အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူအား သက်ဆိုင်ရာရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် (First Information Report– FIR) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ခ) ငွေကြေးစီးဆင်းမှုကို ခြေရာခံနိုင်ရန် တိုင်တန်းမှုမှတ်တမ်း(Case Identifier– Case ID) ကို ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့အကြောင်းကြားရမည်၊

(ဂ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ တိုင်ကြားလာသည့် သတင်းအချက်အလက်များအနက် ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်၊ ဘဏ်ငွေစာရင်း၊ မိုဘိုင်းငွေပေးချေမှုစာရင်းအမှတ် (Mobile Payment Account)များ၊ တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်၍ ထပ်မံကျူးလွန်မှုမရှိစေရေး ပိတ်သိမ်းဆောင်ရွက်ရမည်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသည့် ငွေကြေးများ၏ စီးဆင်းရာလမ်းကြောင်းအဆင့်ဆင့်ကို စုံစမ်းဖော်ထုတ်ခြင်း၊ အချိန်မီပိတ်သိမ်းခြင်းများ ဆောင်ရွက်ရမည်၊

(င) အာဆီယံရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်ခြင်း၊ နယ်စပ်ဖြတ်ကျော် ငွေကြေးစီးဆင်းမှုကို ပိတ်ပင်တားဆီးနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်၊

(စ) ပြည်ပဘဏ်များတွင် ရောက်ရှိနေသော အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိသောငွေများကို ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ သက်ဆိုင်ရာနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

၂၄။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ တိုင်ကြားလာပါက သက်ဆိုင်ရာရဲစခန်းသည်-

(က) ဗဟိုဌာနကပေးပို့သည့် အချက်အလက်များရရှိသည်နှင့်တစ်ပြိုင်နက် ပထမသတင်းပေးတိုင်တန်းချက်ရေးဖွင့်နိုင်ရေး ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ပထမသတင်းပေးတိုင်တန်းချက်ရေးဖွင့်ပြီးပါက မိတ္တူကို နှစ်နာရီအတွင်း ဗဟိုဌာနသို့ ပေးပို့တင်ပြရမည်။

(ဂ) အမှုနှင့်စပ်လျဉ်း၍ ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များကို ဗဟိုဌာနသို့ တင်ပြတောင်းခံရမည်။

(ဃ) ဗဟိုဌာနက စစ်ဆေးအတည်ပြုပြီးသည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ကျွမ်းကျင်သူ၏ထင်မြင်ချက်အဖြစ် သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၅။ ပုဒ်မ ၂၀ အရ ယာယီဆိုင်းငံ့ထားသည့် ကာလအတွင်း အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူက ပထမသတင်းပေးတိုင်တန်းခြင်းမပြုလျှင် သက်ဆိုင်ရာဘဏ်သည် ယာယီဆိုင်းငံ့ထားသော ဘဏ်ငွေစာရင်းကို ပြန်လည်ဖွင့်လှစ်ပေးရမည်။

၂၆။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းသည် မိမိတို့၏စနစ်အတွင်း ပုံမှန်မဟုတ်သော ငွေကြေးစီးဆင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုဟု သံသယဖြစ်ဖွယ်ရှိသော ငွေကြေးလွှဲပြောင်းမှုများကို စိစစ်တွေ့ရှိပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ တိုင်ကြားချက်ကို စောင့်ဆိုင်းရန်မလိုဘဲ အဆိုပါဘဏ်ငွေစာရင်းကို ယာယီဆိုင်းငံ့ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ယာယီဆိုင်းငံ့မှု ဆောင်ရွက်ပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်။

၂၈။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်း၏ သတင်းပို့ချက်ကို လက်ခံရရှိပါက ဗဟိုဌာနသည် အမှုဖြစ်စဉ်ကိုစိစစ်ပြီး လိုအပ်ပါက အဆိုပါဘဏ်ငွေစာရင်းကို ဆက်လက်ဆိုင်းငံ့ထားရန် သို့မဟုတ် ဘဏ်ငွေစာရင်းနှင့်သက်ဆိုင်သော မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းရရှိနိုင်ရန် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ညှိနှိုင်းအကြောင်းကြားရမည်။

## အခန်း(၉)
## နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၂၉။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့တို့နှင့်ပူးပေါင်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) နယ်စပ်ဖြတ်ကျော်အွန်လိုင်းလိမ်လည်မှုကို စုံစမ်းစစ်ဆေးရန် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူများကို တရားခံလွှဲပြောင်းရေးဥပဒေအရ တရားခံလွှဲပြောင်းခြင်း (Extradition)နှင့် ပူးတွဲစုံစမ်းစစ်ဆေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခြင်းခံရသော နိုင်ငံခြားသားများကို ကယ်ဆယ်ရန်နှင့် ၎င်းတို့၏ နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် နိုင်ငံတော်အတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြီး ပြည်နှင်လွှဲပြောင်းမှုကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပညာများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အွန်လိုင်းလိမ်လည်မှုများအတွက် အရေးကြီးသော သက်သေခံအထောက်အထားရယူခြင်းနှင့် ငွေကြေးထိန်းချုပ်ခြင်းတို့အတွက် သက်ဆိုင်ရာနိုင်ငံများနှင့် အချိန်တိုအတွင်း အရေးပေါ်အကူအညီပေးရေး(Emergency Mutual Legal Assistance) လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ခြင်း။

၃၀။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှု စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သက်သေခံချက် အထောက်အထားများစုဆောင်းခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း(၁၀)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရန်အလို့ငှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မမှန်ကန်သော အချက်အလက်များကို သူတစ်ဦးထံဖြန့်ဝေခြင်း သို့မဟုတ် ပေးပို့ခြင်းမပြုရ။

၃၂။ မည်သူမျှ သူတစ်ဦး၏ ကိုယ်ရေးအချက်အလက်၊ ပုံရိပ်၊ ဓာတ်ပုံ သို့မဟုတ် အကောင့်များကိုရယူ၍ ထိုသူအဖြစ် အယောင်ဆောင်ကာ ငွေကြေး သို့မဟုတ် ပစ္စည်းကို တောင်းခံရယူခြင်းမပြုရ။

၃၃။ မည်သူမျှ ဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာ သို့မဟုတ် ပြည်သူ့ဝန်ထမ်းအဖြစ် အယောင်ဆောင်၍ သူတစ်ဦး၏ ဘဏ်ငွေစာရင်း၊ မိုဘိုင်းဝေါလက် သို့မဟုတ် တစ်ကြိမ်သုံး လျှို့ဝှက်နံပါတ် (One Time Password–OTP)ကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာအသုံးပြု၍ လိမ်လည်လှည့်ဖြားရယူခြင်း သို့မဟုတ် ခိုးယူခြင်းမပြုရ။

၃၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်ရန်အလို့ငှာ မမှန်ကန်သော အချက်အလက်ဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း၊ အဆိုပါဆင်းကတ်ကိုအသုံးပြု၍ ဘဏ်ငွေစာရင်းရရှိရေးဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ရှင်အမည်နှင့် အချက်အလက်မမှန်ကန်သော ဘဏ်ငွေစာရင်းများကို ရောင်းဝယ်ခြင်းမပြုရ။

၃၅။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှရရှိသော ငွေကြေးဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မိမိ၏ဘဏ်ငွေစာရင်းမှတစ်ဆင့် လွှဲပြောင်းပေးခြင်း သို့မဟုတ် သိမ်းဆည်းပေးခြင်း မပြုရ။

၃၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်ရည်ရွယ်၍ အသုံးပြုမည့် ဆော့ဝဲလ်၊ မောဝဲလ် သို့မဟုတ် လင့်များကို ဖန်တီးခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်းမပြုရ။

၃၇။ ဆက်သွယ်ရေးအော်ပရေတာများ သို့မဟုတ် အင်တာနက်ဝန်ဆောင်မှုပေးသူ မည်သူမျှ အွန်လိုင်းလိမ်လည်မှုဝက်ဘ်ဆိုက်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုဝက်ဘ်ဆိုက်ကို ဖယ်ရှားရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမျှ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုကို စစ်ဆေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ဗဟိုဌာနသို့ သတင်းပို့ရန်ပျက်ကွက်ခြင်း မရှိစေရ။

၃၉။ မည်သူမျှ မှတ်ပုံတင်ထားသော ဆင်းကတ်ကို အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးအား အသုံးပြုခွင့်ပေးခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုရ။

၄၀။ (က) ဆက်သွယ်ရေးအော်ပရေတာ တာဝန်ရှိသူ မည်သူမျှ-

(၁) မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် အချက်အလက်မပြည့်စုံသော ဆင်းကတ်များကို ဝန်ဆောင်မှုပေးခြင်းမပြုရ၊

(၂) အွန်လိုင်းလိမ်လည်မှုနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီကသော်လည်းကောင်း၊ ဗဟိုဌာနကသော်လည်းကောင်း တရားဝင်အချက်အလက်တောင်းခံမှု သို့မဟုတ် သံသယဖြစ်ဖွယ်ဆင်းကတ်များအား သတ်မှတ်ချက်များနှင့်အညီ ပိတ်သိမ်းရန် ညွှန်ကြားမှုကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း သို့မဟုတ် ကြန့်ကြာအောင်ပြုလုပ်ခြင်း မပြုရ၊

(ခ) ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများ အပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ဆင်းကတ်မှတ်ပုံတင်ထားသူ၏အချက်အလက်များကို အခြားသူထံ မရိုးမဖြောင့်သောသဘောဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၄၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေထုတ်ယူခွင့်ပြုခြင်း သို့မဟုတ် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် တစ်ဆင့်လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၂။ မည်သူမျှ အခြားသူတစ်ဦးက အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုမည်ကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ မိမိ၏ဘဏ်ငွေစာရင်း သို့မဟုတ် မိုဘိုင်းဝေါလက်ကို ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်းမပြုရ။

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှအဆက်

၄၃။ အင်တာနက်ဝန်ဆောင်မှုပေးသူ၊ ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဆက်သွယ်ရေးအော်ပရေတာ၏ တာဝန်ရှိသူ မည်သူမျှ ဝန်ဆောင်မှုရယူသူ တစ်ဦးဦး၏ ကိုယ်ရေးအချက်အလက်များကို တမင်ပေါက်ကြားစေခြင်း၊ မည်သူတစ်ဦးတစ်ယောက်ထံသို့ ဥပဒေနှင့်မညီသော ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၄။ မည်သူမျှအွန်လိုင်းလိမ်လည်မှု စင်တာဖွင့်လှစ်ခြင်းမပြုလုပ်ရ။

၄၅။ မည်သူမျှ ဒီဂျစ်တယ်ငွေကြေး လိမ်လည်မှု (Crypto Scam) ကို ကျူးလွန်ခြင်းမပြုရ။

၄၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ လူစုဆောင်းခြင်း သို့မဟုတ် လေ့ကျင့်သင်ကြားပေးခြင်း သို့မဟုတ် ဦးစီးဆောင်ရွက်ခြင်း မပြုရ။

၄၇။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးကို အကြမ်းဖက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်း မပြုရ။

၄၈။ မည်သူမျှ-

(က) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးကို သွေးဆောင်စည်းရုံး ခေါ်ဆောင်ခြင်း၊ လုပ်အားခိုင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ ဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်းစေခြင်း မပြုရ။

(ခ) လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်း မပြုရ။

၄၉။ မည်သူမျှ သူတစ်ဦးကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန်သတင်းပေးတိုင်ကြား၍ အခြားသူ၏ ဘဏ်ငွေစာရင်းအား ဆိုင်းငံ့စေခြင်း မပြုရ။

၅၀။ မည်သူမျှ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အလို့ငှာ အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း မပြုရ။

## အခန်း(၁၁)
## ပြစ်ဒဏ်များ

၅၁။ မည်သူမဆို ပုဒ်မ ၃၁၊ ၃၄၊ ၃၅ သို့မဟုတ် ၄၄ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းငါးရာထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၂။ မည်သူမဆို ပုဒ်မ ၃၂၊ ၃၃၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂ သို့မဟုတ် ၄၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ငါးရာမှ အများဆုံး ကျပ်သိန်းတစ်ထောင်ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၄၊ ၄၅၊ ၄၆ သို့မဟုတ် ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အကယ်၍ အဆိုပါပြစ်မှု ကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်ကို သေဆုံးစေခဲ့သော် သေဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ဤဥပဒေပါသက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ် ချမှတ်ရမည်။

၅၆။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ အောက်ပါအမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ ရပိုင်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(ဂ) ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ရထိုက်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း။

## အခန်း(၁၂)
## အထွေထွေ

၅၇။ ဗဟိုကော်မတီမှ သတ်မှတ်သည့်ကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူတို့သည်-

(က) ၎င်းတို့၏ စနစ်များကို ဗဟိုဌာန၏ ကွန်ရက်နှင့် ဒီဂျစ်တယ်စနစ်များ အချက်အလက်ဖလှယ်မှု နည်းပညာ (Application Programming Interface-API) များမှတစ်ဆင့် ချိတ်ဆက်ရမည်ဖြစ်ပြီး ချိတ်ဆက်နိုင်ရေးအတွက် စနစ်လုံခြုံမှု၊ နည်းပညာပိုင်းဆိုင်ရာ လိုက်လျောညီထွေမှုရှိစေရန်နှင့် ချိတ်ဆက်ရန် လုံလောက်သောအချိန်ဇယားအတိုင်း ရရှိနိုင်အောင် ဆောင်ရွက်ပေးရမည်။

(ခ) အလိုအလျောက်စနစ် (Automatic Systems)များ တပ်ဆင်ခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာတို့ ဆောင်ရွက်ရာတွင် မိမိနှင့်သက်ဆိုင်သည့် အပိုင်းအလိုက် ကုန်ကျစရိတ်များကို တာဝန်ယူဆောင်ရွက်ရမည်။

၅၈။ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ၊ ဆင်းကတ်အသုံးပြုမှုများ၊ ကြော်ငြာများနှင့် အိုင်ပီလိပ်စာ (Internet Protocol Address)များကို ဗဟိုဌာနက အချိန်နှင့်တစ်ပြေးညီ (Real-time) စောင့်ကြည့်စစ်ဆေးနိုင်သည့် စနစ်ဖြစ်စေရန် ဆောင်ရွက်ရမည်။

၅၉။ ဗဟိုဒေတာစနစ် တည်ဆောက်ခြင်း(Centralized Database)နှင့်စပ်လျဉ်း၍-

(က) တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသော ကွန်ပျူတာနှင့်အင်တာနက်အသုံးပြု၍ ကျူးလွန်သော ပြစ်မှု (Cyber Crime) ဖြစ်စဉ်များကို ချက်ချင်းသိရှိနိုင်မည့် ပေါင်းစပ်ညှိနှိုင်းထားသော သတင်းအချက်အလက်ပြ မျက်နှာပြင် (Unified Dashboard) တစ်ခု တည်ဆောက် နိုင်ရေး ဆောင်ရွက်ရမည်။

(ခ) အွန်လိုင်းလိမ်လည်သူများ၏ ဖုန်းနံပါတ်၊ အိုင်ပီလိပ်စာ (Internet Protocol Address)၊ ဘဏ်ငွေစာရင်းနှင့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် စာရွက်စာတမ်းအထောက်အထား (Identity Document-ID) နိုင်ငံတကာ မိုဘိုင်းကိရိယာ အမှတ်အသား (International Mobile Equipment Identity-IMEI)များကို စနစ်တကျ စုစည်းထားပြီး အင်တာနက်ဝန်ဆောင်မှုပေးသူနှင့် ဘဏ်များသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သည့်စနစ် (Real-time Feed) တည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်။

၆၀။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဘဏ်ငွေစာရင်းကို ယာယီဆိုင်းငံ့ခြင်းနှင့် အချက်အလက်ထုတ်ဖော်ခြင်းဆောင်ရွက်သော ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ရှိသူများကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

၆၁။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ သို့မဟုတ် ယင်းကတာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့သည်လိုအပ်သော အမိန့်၊ ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အာဆီယံအတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍအပေါ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၁






အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍအပေါ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာဆီယံ၏မဏ္ဍိုင်(၃)ရပ် အောက်ရှိ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ Naypyitaw State Academy၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနနှင့် ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာနတို့မှ အာဆီယံဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူ အရာရှိများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်က အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို ပိုမိုအားကောင်းစေရန် နည်းလမ်းများ၊ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏အမြင်များကိုပေါင်းစပ်ကာ မြန်မာ-အာဆီယံပုံမှန်ဆက်ဆံရေး တည်ဆောက်ရာတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် လက်တွေ့ကျသည့်နည်းလမ်းများကို ဆွေးနွေးပြောကြားပြီး အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "အာဆီယံအတွင်း မြန်မာနိုင်ငံ၏ (၂၉)နှစ်တာ ခရီးစဉ်" ခေါင်းစဉ်ဖြင့် အာဆီယံသို့ မြန်မာနိုင်ငံ စတင်ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှ စ၍ ယနေ့အထိ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ခြုံငုံသုံးသပ်ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပြောင်းလဲလျက်ရှိသော ဒေသတွင်းနှင့် နိုင်ငံတကာ ပတ်ဝန်းကျင်အောက်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့် မြန်မာနိုင်ငံက အာဆီယံအပေါ် သဘောထားအမြင်၊ အာဆီယံက မြန်မာနိုင်ငံအပေါ် သဘောထားအမြင်နှင့် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကိုပိုမိုအားကောင်းစေရေးအတွက် လက်တွေ့ကျသော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပြုချက်များနှင့် လာမည့်(၅)နှစ်အတွင်း မြန်မာနိုင်ငံ၏ အာဆီယံဆိုင်ရာ ဦးစားပေးလုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးပွဲမှရရှိလာသော အဓိကအကြံပြုချက်များနှင့် ဆွေးနွေးချက်များကို အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကျဉ်းချုပ်တင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ကတည်းက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ညှိနှိုင်းရေးမှူးတာဝန်များကို အလှည့်ကျဆောင်ရွက်မှု အပါအဝင် တာဝန်သိအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စွာဆောင်ရွက်နေမှု၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်မှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် အပြုသဘောထိတွေ့ ဆောင်ရွက်နေမှုနှင့် အာဆီယံအတွင်း မြန်မာနိုင်ငံမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (Way Forward)၊ လမ်းပြမြေပုံ (Roadmap) စသည်တို့ကို သုံးသပ်ကာ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်နိုင်မည့် ရေရှည်မဟာဗျူဟာများ၊ အာဆီယံအတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို ပိုမိုအားကောင်းစေရန် အကောင်အထည်ဖော်နိုင်မည့် လက်တွေ့ကျသော မူဝါဒဆိုင်ရာအကြံပြုချက်များရရှိရေးကို ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

# President of the Republic of the Union of Myanmar U Min Aung Hlaing delivers the State of the Nation address, marking the 100th day of the government in office at the second regular session of the third Pyidaungsu Hluttaw



**President U Min Aung Hlaing delivers the State of the Nation address, marking the 100th day of the government in office.**

**Nay Pyi Taw July 31**

Upon the invitation of the Pyidaungsu Hluttaw of the Republic of the Union of Myanmar via a message, President of the Republic of the Union of Myanmar U Min Aung Hlaing delivered the State of the Nation address, marking the 100th day of the government in office at the 12th day of the second regular session of the third Pyidaungsu Hluttaw held at 10 am today in accordance with Section 210 of the Constitution and Section 65 of the Union Hluttaw Law.

Present on the occasion as the observers were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Speaker of Pyidaungsu Hluttaw Speaker of Amyotha Hluttaw U Aung Lin Dwe, Speaker of Pyithu Hluttaw U Khin Yi, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo, the chairman of Constitutional Tribunal, the chairman of Union Election Commission, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army), members of union level organizations, the deputy speakers of Pyithu Hluttaw and Amyotha Hluttaw, union ministers, the Nay Pyi Taw Council chairmen, speakers of region/state hluttaws, who are members of Myanmar Hluttaw, deputy ministers, Hluttaw representatives, 67 observers including the officer supervisors from basic diplomatic course 47/2026 and 150 other distinguished observers. Region/state chief ministers attended it through video conferencing.

The Pyidaungsu Hluttaw Speaker declared the meeting validly constituted and open as out of a total of 560 Pyidaungsu Hluttaw representatives eligible to attend the 12th day of the Second Regular Session of the Pyidaungsu Hluttaw, 539 representatives attended today's session, representing an attendance rate of 96.25 percent. Then the attendance status of the session was officially recorded upon receiving the approval of the Hluttaw.

Pyidaungsu Hluttaw Speaker invited President U Min Aung Hlaing to deliver the State of the Nation address, marking the 100th day of the government in office.

In his State of the Nation address to the Pyidaungsu Hluttaw, the President said that today is the 100th day of the government he is leading. It is also a time when the foundation of vital importance for the nation can be laid. As a serious consideration paid to the public trust in the government emerged through the multiparty democracy general election in accord with the people's wish, priority tasks were implemented with utmost efforts during the 100 days, and now accomplishments and development achieved up to this date, the 100th day of the government, will be presented through the Pyidaungsu Hluttaw.

Since its assumption of the duties, the government had realized the two goals – **national peace and stability and development** – with accelerated momentum. Endeavours can be made for the development of the socio-economic life of the people and nation's economic life only if the nation is peaceful and stable. Regarding peace, **efforts were made with great impetus** for the persons, who resorted to the armed struggle line due to political disagreements, to return to the legal fold and held a dialogue peacefully **during the 100 days**, and the peace door is always opened.

A 43-point letter of amendment has already been sent to the Pyidaungsu Hluttaw to amend the 2008 Constitution for the emergence of a Union based on democracy and federalism, the aspired goal of the entire nation. The President said he would strongly reiterate the call to find the answer to the disagreements and demands only through political means rather than armed struggle. The government is constantly making overtures to hold peace negotiations with all the EAOs, and it is able to meet with 13 groups.

Now is a time to build a new nation by all nationalities in harmony and unison. **Instead of demanding the impossible,** it is necessary to negotiate and demand only what is realistic, feasible, and aligned with the current era in restoring peace in the whole country. The onus is not only on the government in the endeavors for perpetual peace, but all institutions, **such as the government, the Tatmadaw and the Hluttaw, share this responsibility**. The President said he would like to earnestly state that everyone should cooperate to the best of their ability in working towards achieving permanent nationwide peace.

Regarding the national defence, the Tatmadaw will be rebuilt to become a standard army, with **combat capability and combat power**. The **people's militia strategy** must be realized for the involvement of the entire people in the national security and defence under the Tatmadaw's leadership. Although the Myanmar Police Force has the responsibility to ensure internal security, the Tatmadaw has to join hands with the MPF to solve the internal problems due to the current situation. MPF needs systematic training to development its performances in ensuring internal security and rule of law. Police members should be turned into well-trained personnel who are free from corruption and loved by the public.

In protecting and promoting Myanmar's national interests, the government will build balanced and harmonious relations in international relations by adhering to the constitutional foreign policy of an **independent, active, and non-aligned stance**. The nation will have to cooperate with neighboring countries and regional friendly nations across various political, economic, and social sectors, and must strengthen international relations in accordance with the **Five Principles of Peaceful Coexistence**. Regarding the current ASEAN situation, despite the attitudes of certain ASEAN countries and the discriminatory actions taken against Myanmar over the past five years, the government has exercised patience and cooperated in accordance with the duties and obligations of an ASEAN member state. The State will make necessary response to the negative discriminatory actions case by case. Myanmar will apply the Myanmar way under its own guidance based on the objective conditions while safeguarding the national interest and sovereignty to improve its relations with ASEAN.

Now is a crucial time when **agriculture, livestock and industrial sectors**, the foundation of the socioeconomic

*See Page 12*



**President U Min Aung Hlaing attends the luncheon hosted in honour of the success of the second session of the third hluttaws.**

***From Page 11***

development of the citizens, must be developed with harmonious efforts. About 70 percent of the country's population lives in rural. So, income of the rural people will be increased and their socioeconomic lives gain progress only if the business of the rural people can be uplifted. The country has over 33 million areas of agricultural land of various types. As the over 33 million areas are sufficient, the country does not need to extend agro-land anymore. It needs to conduct **agricultural modernization and mechanization**, and to increase multiple cropping and yield to meet the target.

The government is making efforts to ensure that the key staple crop, rice, is cultivated on all agricultural lands to achieve targeted yields, thereby not only ensuring domestic food sufficiency but also restoring the country's previous status of exporting rice and paddy at a high level. Furthermore, in line with the vision that **Myanmar's Pawhsanmwe rice will usher in a new era**, plans are being implemented to expand the cultivation and production of high-quality rice varieties that meet market requirements, with the aim of exporting 3 million tonnes of rice annually in the first phase. Measures are also being undertaken to expand rice cultivation by an additional 350,000 acres based on different rice varieties. In the second phase, efforts are being made with the goal of increasing annual rice exports to 5 million tonnes. In addition, Myanmar is striving to become one of the world's major food-supplying countries, recognized as the rice granary of the world, capable of contributing not only to regional countries but also to global food security.

Regarding domestic edible oil sufficiency, 12 special zones have been designated for oilseed crops such as groundnut, sesame and sunflower, and measures are being implemented to increase per-acre yields and achieve targeted production levels. With regard to sesame, although the targeted yield has been set at 20 baskets per acre, the actual yield is only 9.6 baskets per acre, representing just 50 percent of the target. If the targeted yield can be achieved, production costs will be reduced.

According to the recommended healthy level of edible oil consumption, an individual should consume only between 5 and 6 viss of oil per year. However, surveys have shown that Myanmar citizens are consuming more than 8 viss of oil annually, which is significantly higher than the recommended amount. Excessive oil consumption not only poses health risks to the people but also requires the country to spend a substantial amount of foreign currency on importing palm oil from abroad. In 2024, 550,000 tonnes of palm oil were imported, while 640,000 tonnes were imported in 2025. Therefore, special emphasis will be placed on reducing per capita oil consumption and implementing measures to meet the country's domestic requirements.

The government is making arrangements to expand the cultivation of industrial crops such as rubber, cotton and bamboo. Plans are also being implemented to produce high-quality rubber domestically. Measures are being undertaken to increase cotton cultivation and production, with the current cultivation area of various cotton strains standing at around 550,000 acres. It is planned to expand cotton cultivation and production to 600,000 acres by the 2027-2028 cultivation season. If the current cotton yield and cultivated acreage remain consistent, there will be a significant surplus that can be exported abroad. At present, the average cotton yield is only 499 viss per acre. Therefore, efforts will be made to increase the yield to the targeted level of 700 viss per acre, which will help generate substantial foreign exchange earnings for the country.

To ensure an adequate supply of irrigation water, which is essential for agricultural activities, solar-powered river water pumping projects have already been initiated. If solar-powered river water pumping projects can be implemented rapidly in many areas of the states and regions through self-reliance and small-scale initiatives, the public will be able to enjoy the benefits generated by these projects at the earliest possible time.

The livestock sector, which plays an important role in the country's food sector, is also a key area to be highlighted. To increase the income of rural people, it is necessary **to transform small-scale household livestock farming into a systematic commercial livestock production system**. Priority is being given to the distribution of high-quality breeds and the adequate supply of animal feed and veterinary medicines in order to systematically raise five major types of meat-producing livestock—chicken, pig, goat, cattle and fish.

Based on the annual consumption rate of a population of 51.4 million people, in most regions and states, the production of chicken and pork, as well as basic food items such as chicken eggs and duck eggs, is insufficient to meet local demand. The significant gap between consumption and production has also contributed to rising commodity prices. Therefore, it is necessary to further promote and expand the livestock sector to ensure sufficient food supply. At present, Myanmar's actual fish production consists of 30 percent from aquaculture and 70 percent from capture fisheries. It has been observed that the country's aquaculture production remains significantly lower compared with that of neighbouring countries.

For a country's economy to develop and grow at a rapid pace, efficient transportation and connectivity serve as a crucial driving force. In line with the motto, **"Economic development depends on good transport connectivity,"** efforts are being made to systematically upgrade and improve road, rail, waterway and air transport services to enable people to travel more quickly and conveniently and to accelerate the flow of goods. Infrastructure such as roads and bridges that have been damaged by natural disasters and conflicts is also being rehabilitated and restored as quickly as possible.

He stated that every Asian and Southeast Asian nation is currently facing challenges related to fuel price hikes and shortages stemming from global political dynamics and Middle East conflicts. He noted that crude oil was priced at around USD 84 per barrel in 2024 and approximately USD 72 in 2025. Furthermore, he emphasized that following the Middle East conflict after 2026, crude oil prices surged to USD 126 per barrel, driving up production costs for all fuel-dependent businesses. He also stated that as the country imports approximately USD 5 billion worth of fuel annually, adherence to fuel conservation as a national policy is essential to overcome this challenge and ensure energy security. He noted that fuel consumption has been successfully reduced by allowing vehicles to operate on alternating odd and even days based on license plate numbers and implementing Work from Home on Wednesdays. He highlighted that these measures saved 1.2 million gallons of fuel per day, resulting in daily savings of USD 7 million, monthly savings of around USD 210 million, and total savings exceeding USD 1 billion to date, while expressing gratitude to the public for their cooperation.

He further stated that the government is accelerating the modernization of **the railway sector** to reduce dependency on fuel. He noted that to save fuel consumption, **battery-electric locomotives (BEL)** have been locally modified and produced as an alternative to fuel-powered engines, and are currently operating on certain rail sections. He emphasized that utilizing **BEL** battery-electric locomotives is presently the most effective method for reducing fuel usage and minimizing environmental impact, which is why the government is encouraging their continued use until fully electric trains can be deployed. Additionally, he highlighted that the government is actively promoting the substitution of gasoline and diesel vehicles with **electric vehicles (EVs)** in the automotive sector.

He added that to facilitate cost-effective water transport, efforts will be made to improve navigation channels so that the Ayeyarwady and Chindwin rivers can be utilized effectively year-round. Regarding air transport, he noted that five airlines are currently operating a total of 32 aircraft. Furthermore, he highlighted that 10 projects—including runway upgrades and maintenance to enable passenger jet aircraft landings at **Anisakan Airport** in Pyin Oo Lwin, Mandalay Region, as well as airports in **Kawthaung, Myeik, Dawei, Pathein, Bagan Nyaung-U, Kengtung, and Tachileik**—were successfully implemented within 100 days.

He emphasized that ensuring a sufficient electricity supply is vital for national development and for raising the socio-economic living standards of the public. He noted that Liquefied Natural Gas (LNG) power plant projects were implemented

***See Page 13***

*From Page 12*

as short-term solutions to meet electricity demands. Furthermore, he highlighted that when evaluating appropriate electricity generation based on domestic electrical and energy resources, **solar energy** is found to be particularly well-suited for the country. He pointed out that due to the country's geographical location near the equator, it receives full solar radiation year-round, ranking it among the nations with the greatest solar energy potential in Southeast Asia. Consequently, he stated that government departments, private enterprises, and the hotel industry are being actively encouraged to install and utilize self-sustaining renewable solar power systems that minimize environmental impact.

He noted the importance of ensuring the long-term, sustainable power generation of hydroelectric power plants, which must be pursued continuously. Consequently, he stated that feasibility studies are being conducted to construct low-head dams and power stations along the main Ayeyarwady River. Furthermore, he emphasized that if 10 planned electricity projects, including the Myitsone project, are successfully implemented, the full energy requirement of the nation can be distributed, and efforts will be driven forward to elevate the socio-economic living standards of the public.

He noted that in seeking to secure the nation's required electricity supply through various viable means, coal-fired power generation and nuclear power generation are also options that must be considered. He emphasized that to contribute toward achieving the goal of electricity access nationwide by 2030, an advanced technology coal-fired power plant with a capacity of up to 660 megawatts—designed to minimize environmental impact—will be built in phases over five years. Additionally, he stated that ongoing efforts must be pursued to establish a nuclear power plant.

He emphasized that **human resources** serve as the primary driving force in building a nation, with education providing the solid foundation necessary for their development. Looking at Myanmar's educational landscape, he noted that in 2024, the literacy rate among the population aged 15 and above reached 92.1 percent, while the numeracy rate stood at 92.3 percent.

Although the literacy rate is high, the school enrollment rate of the public remains low and educational qualifications are still found to be low. According to the 2024 census, only 3 out of 5 youths aged 15 are currently attending school and only 1 out of 6 individuals aged 20 are continuing their education. This reveals high dropout rates at the middle school and high school levels. Regarding the highest grade/educational level completed by the population aged 25 and over, 49 percent have no grade completed or only primary education, 23.8 percent have completed middle school, 14 percent have completed high school and only 11.5 percent are graduates. Looking back at previous census data, those with no grade completed or only primary education accounted for 90 percent in 1973, 84 percent in 1983 and 61 percent in 2014, indicating that the majority of Myanmar's population has only completed primary education.

Therefore, our government has transformed the education system into compulsory education up to KG+9 to promote the nation's education sector and has increased national budget allocations and investments in education to advance this sector. For the 2026–2027 fiscal year, 6.92 percent of the national budget will be allocated to the Ministry of Education and including education sectors under other ministries, a total of 9.22 percent of the national budget will be utilized. In the upcoming 2027–2028 fiscal year, at least 10 percent of the national budget will be allocated to the Ministry of Education and plans are underway to increase this to 15 percent of the national budget for the education sector in the 2028–2029 fiscal year.

According to current statistics from the Ministry of Education, in the 2026–2027 academic year, approximately 4.9 million students are enrolled at the basic education primary level, over 2 million at the middle school level, over 600,000 at the high school level, totaling over 7.5 million students. Compared to the 2025–2026 academic year, which had over 7.1 million students, this year shows an increase of about 400,000 students. However, compared to the 2016–2017 academic year, which had 9.4 million enrolled students, the numbers are still lower. Thus, efforts will continue to ensure that all school-age children can attend school.

Special programs will be implemented for educationally disadvantaged regions to enable education up to KG+9. Additionally, 92 industrial, agricultural and livestock high schools have already been opened. Through the agricultural and livestock science schools, appropriate science schools will be upgraded to university/college level, and plans are underway to expand Polytechnic institutes and universities. Among the current 15 agricultural and livestock science schools, four—located in Pwintphyu, Tharrawaddy, Thahton and Heho—are being considered for upgrading to agricultural and livestock colleges based on campus area and infrastructure, arrangements are being made to appoint necessary teachers and staff.

In the education sector, out of 50,962 basic education schools, 35,539 have been opened, and out of 50 universities under the Ministry of Education, Department of Higher Education, 48 have been opened. At the basic education level, there are 315,285 teachers and at the higher education level, 10,679 are serving. Among 25 education degree colleges, 5 are being upgraded to teacher training universities. Outstanding graduates from education degree colleges will be allowed to pursue masters degrees at teacher training universities, and upon completion, they will be appointed as high school teachers. Those who wish to serve only as primary school teachers will be appointed as Assistant Primary Teachers (with the same salary as Assistant Middle School Teachers) after obtaining the relevant degree from education degree colleges. Based on teaching experience and qualifications, they can be promoted to Second Primary Teacher (with the same salary as Middle School Teacher) and, upon meeting specified experience and qualifications, to Primary Teacher (with the same salary as High School Teacher), with corresponding ranks and salary increases.

This arrangement is made because primary education is crucial for children's learning. Similarly, graduates from education degree colleges will be appointed as Assistant Middle School Teachers and, upon meeting specified experience and qualifications, can be promoted to Second Middle School Teacher and then to Middle School Teacher (with the same salary as High School Teacher). Moreover, 8,000 teachers whose appointments had been delayed for various reasons have already been appointed this month. In educational reforms, the focus must shift from merely passing exams to ensuring that children truly understand and master subjects, to nurturing well-rounded children, and to revising the grading system that awards marks only for correct grammar rather than content. To foster five strengths well-rounded schools, programs such as Smart School and Football for School Program have been implemented within the government's first 100 days in collaboration with the Ministry of Sports and Myanmar Football Federation. Additionally, graduation halls, recreational facilities, standard football fields and sports stadiums are being constructed at universities in various states and regions.

To keep abreast of world countries in the space technology sector, the government was able to carry out tasks from public education programs such as opening space museums and organizing competitions related to space for youths to construction of land-based satellite control stations. Efforts are being made to practically apply satellite data in combination with AI technologies in other socio-economic development sectors including agriculture, natural disaster management and land utilization management. In connection with foreign cooperation, a government-to-government agreement was signed with Russia and multi-sectoral cooperation in space technologies has been made with international space agencies including those from China, India and Belarus. Human resources and necessary technological preparations have been started to launch a Myanmar-owned satellite in cooperation with China. Plans are underway to build and launch nano- and micro-satellites in cooperation with partner organizations.

Moreover, measures are being taken to select and train candidate astronauts in cooperation with Russia to enable Myanmar astronauts to participate in space travels. Although space technology is a costly and time-consuming sector, investment must be made without fail for the long-term future of the country.

In building modern and developed new democratic country, health and fitness of the entire national people is a fundamental and vital requirement. Upholding the conviction that "Nothing is more important than human's lives," the government has speeded up provision of healthcare services that will directly benefit the people. The main aim of the government is "To have doctors at every hospital," and to enable the people to enjoy universal health care whether they live in urban or rural areas and they are rich or poor. Myanmar's life expectancy stood between 60 and 64 in the year 2000, the first year of the Myanmar's Health Goals 30 years' long-term plan. Measures are being taken with the aim of increasing Myanmar's life expectancy to between 75 and 80 in 2030. To improve the entire healthcare mechanism, skilled health human resources are of great importance.

Therefore, the government upgraded 15 nursing and midwife training schools into nursing institutes and increased the organizational set-ups of remaining 27 midwifery training schools as a priority. In recognition of reputation and careers of nurses, they have been allowed to enjoy increased salaries and additional cash rewards according to their ranks since the 2026-2027 fiscal year. Furthermore, targeted measures are being taken to appoint about 1,200 new doctors and 2,600 news nurses.

In the health sector, 200-bed hospitals in states and regions are being upgraded into 300-bed ones while medical equipment are provided. Staff quarters for health workers are being expanded. As the number of Myanmar citizens going abroad for healthcare has increased year by year, large sums of foreign exchange have tombs spent and it can be seen that a large number of outstanding Myanmar medical experts are working abroad. Therefore, entrepreneurs are urged to invest in the sector by constructing advanced hospitals and enabling diaspora medical experts to treat patients at home.

As Myanmar had a youth population of about 17 million, which accounted for 32.69 percent of the total population, according to the 2024 population census, it is a golden opportunity for Myanmar to have such large numbers of youths. Despite such a golden opportunity, as drop-out rates among youths are high, there are educational weaknesses in acquisition of advanced education,

*See Page 14*

*From Page 13*

vocational education and digital technology. It is known to all that our country has faced nationalistic spiritual development challenges such as low participation in civic engagement, and lack of systematic implementation despite working in volunteer and philanthropic tasks with genuine goodwill in addition to economic challenges such as difficulty in getting jobs for life, having to work in informal sectors that do not provide regular salary or wages, mismatch between education and employment and weak entrepreneurship and innovation ecosystems due to such weaknesses and social challenges such as drug problems, online gambling, violence and crimes and mental problems.

Therefore, although Myanmar previously did not have a separate ministry dedicated to youth affairs, a dedicated Ministry of Youth Affairs has now been established to place greater emphasis on and more effectively implement the development of the youth sector, which is an invaluable asset for the nation's future. He said that he regards young people as an invaluable human resource and that priority will be given to nurturing patriotic and capable citizens who can contribute to the country while promoting the comprehensive development of the five strengths. He added that the government's vision for youth development is "Empowered Youth, Strong Nation, Shared Future," and that it will formulate a National Youth Development Policy Framework, along with strategic plans and both short-term and long-term action plans, to guide and implement youth development initiatives.

He said that in various countries, sports are no longer just about competing and winning medals, but also help develop human resources, foster discipline, leadership, and team spirit among young people, build national unity, and enhance the country's prestige in the international arena. For these reasons, sporting competitions are often described as "battles without weapons."He added that, with the aim of revitalizing and advancing Myanmar's sports sector, the government has established Ministry of Sports.

He added that the government is also allocating state funds to build and upgrade standard football pitches, indoor sports complexes, and public parks for recreational sports at basic education schools, universities and colleges, and in townships across the country.

He said that, according to the 2024 census report, women account for approximately 53 percent of Myanmar's population.He noted that Myanmar women are making significant contributions to the country on an equal footing with men, not only in the political, economic, social, academic, and arts sectors, but also in national defence and the administrative machinery. He added that women's representation in the legislatures has steadily increased, rising from 4.8 percent in the First Pyidaungsu Hluttaw to 10.5 percent in the Second Pyidaungsu Hluttaw, and further to 14.6 percent in the Third Pyidaungsu Hluttaw. Similarly, he said that the proportion of women serving in senior government positions at the rank of director-general and above has increased to 51.5 percent. He further stated that, to enhance the capabilities of Myanmar women across all sectors, the government has established Ministry of Women's Affairs to oversee and promote women's development.

He said that if a country lacks economic strength and prosperity, it cannot achieve sustainable development, and the socio-economic well-being of its people will remain low. He noted that, compared with other countries in the region and ASEAN member states, Myanmar's GDP remains relatively low due to weak production capacity. He added that the country has long relied primarily on non-trade income rather than expanding productive trade and industry. He said the government will review existing procedures and simplify regulations to encourage greater domestic and foreign investment while accelerating business activities in the country. He further stated that the government will place greater emphasis on public-private partnerships (PPPs) and strengthen research and development. He added that maintaining stable and consistent policies is also essential for boosting private sector confidence and encouraging greater investment.

He said that Myanmar is strategically located at the center of a region with a population of around 4 billion people, giving it tremendous economic and trade potential. Therefore, he stressed that it is essential to expand the country's export sector while promoting domestic production to substitute for imports in order to drive national economic development. He went on to explain the main causes of rising commodity prices, saying they include higher fuel prices, low production output, inflation resulting from trade deficits, and increased public spending. He noted that one of the key factors contributing to the trade deficit is the country's low domestic production coupled with high import volumes. He added that the government will review and reassess its monetary, fiscal, trade, and investment policies and accelerate efforts to promote economic growth and development.

He said that, according to the 2024 Population and Housing Census, the labour force participation rate among people aged 15 and above is only 47 percent. He noted that studies indicate around 80 percent of those who are employed work in jobs that do not provide regular wages or salaries, while fewer than 20 percent are employed in positions that offer regular salaries, such as government service or company employment. Therefore, he said, the principal challenge facing Myanmar's youth is not simply unemployment, but securing stable jobs that provide long-term livelihood and job security.

Furthermore, it has been found that among those migrating to foreign countries, the age group between 15 and 34 years accounts for approximately 71.7 per cent of the total number of migrants. Such overseas employment provides certain benefits, including supporting family incomes through remittances sent back home and enabling young people to gain new technical skills and experiences. However, it may also lead to a shortage of skilled workers domestically and a decline in production capacity, which could become an obstacle to the country's long-term economic development.

Myanmar has direct access to the Indian Ocean, with a coastline stretching 2,138 kilometres, and is also one of the ASEAN countries with the largest land areas. Due to its strategic geographical location at the centre of major Asian countries, transforming Myanmar into a regional trade bridge is one of the important strategic goals of the government.

Therefore, we are placing special emphasis on implementing the India-Myanmar-Thailand Trilateral Highway Project and are striving to achieve its full completion during the period of our government's tenure. In addition, the Mandalay-Muse Railway Project, which is one of the key projects under the Belt and Road Initiative (BRI), will serve as a vital artery opening up Myanmar's northern economic gateway. It will greatly accelerate Myanmar-China trade and economic cooperation.Ensuring stability and peace in the project areas is the most fundamental requirement for the successful implementation of major projects. Just as rotten wood cannot be carved into sculptures, development activities cannot be carried out if a country lacks peace and stability. When a country enjoys stability and peace, development projects can be implemented without hindrance.

At present, one of the greatest challenges facing the world is the occurrence of natural disasters, which are caused by global warming. Such climate change has also resulted from deforestation. Although the government has legally prohibited commercial timber production, it has been found that forest degradation has occurred due to illegal logging and the smuggling of timber to neighbouring countries, taking advantage of security weaknesses. Such illegal logging, transport and trade of timber have caused adverse impacts on the country's economy, society and environment.

Among the various ways to address environmental degradation, tree planting and forest conservation are the simplest, most effective, cost-efficient and practical measures that everyone can participate in. They are also environmentally friendly and among the most beneficial activities. Only through such efforts can villages be transformed into model communities that are clean, green and capable of applying modern technologies—known as "Clean, Green and Smart Villages." From there, these initiatives can be expanded and connected nationwide, enabling major cities and urban areas across the country to develop into Smart Cities. Myanmar's current forest coverage accounts for 42.15 per cent of the country's total area. As a long-term plan to restore forest coverage to 50 per cent of the national territory, the policy "Let us conserve the natural environment for the prosperity of the nation" has been adopted and is being implemented.

Myanmar's population continues to increase annually, with the urban population growing steadily. In promoting urban beautification and development, efforts are being made to implement urban expansion projects by providing essential infrastructure such as water supply, electricity, roads and other basic facilities; constructing quality housing; ensuring that newly developed urban areas are properly built and occupied; and supervising compliance with municipal rules and regulations related to urban order and beautification.

In all capital cities of the states and regions, as the first phase, stadiums equipped with premium spectator stands, stadiumswith 400-metre tracks and a capacity of 5,000 spectators, gymnasiums, and indoor swimming pools are being constructed.In densely populated district towns, football fields with 400-metre tracks and spectator capacities of 3,000 are also being upgraded and constructed. Depending on available financial resources, similar facilities will continue to be built in all remaining districts and townships.

Traditional culture is a very delicate yet powerful form of soft power. Therefore, preserving traditional culture requires strong patriotic spirit—valuing, respecting, taking pride in and safeguarding it so that it can endure forever. Those who have the ability to pass on the nation's priceless cultural heritage to future generations are artistes. Hence, artistes, who have contributed to entertaining the public while preserving Myanmar's traditional customs, practices and national identity and ensuring that they continue to flow through the nation's cultural stream, are encouraged to actively participate with a sense of national spirit in the country's democratic journey.

Regarding the tourism sector, countries around the world regard tourism as a "smokeless industry" and are primarily relying on and developing it. In our country, beautiful coastal areas such as Ngapali, Chaungtha, and Ngwe Saung; natural lakes and mountain scenery such as Indawgyi, Inle, Kyaiktiyo, and Zwekabin; national heritage sites such as Sri Ksetra, Beikthano, Hanlin, and Bagan,

*See Page 15*

# Peace in the country is the foremost priority for our nation. I would like to urge all relevant stakeholders to work together with awareness and responsibility.

## President U Min Aung Hlaing



President U Min Aung Hlaing answers media questions.

**President of the Republic of the Union of Myanmar U Min Aung Hlaing delivered a speech on progress of the State during the 100-day plan of the government at the Pyidaungsu Hluttaw meeting and responded to the queries raised by media on 31 July 2026. The response of the President to the media's questions is as follows:**

**Q:** Please share a message with the youth.

**A:** Youth needs to strive for their future. Another important point is that there are weaknesses in education. Young people should make efforts in their studies, strive to become educated and knowledgeable individuals, understand the importance of discipline, and work hard. In addition, I would like to urge them to reduce excessive indulgence and focus more on making efforts. They have great potential to contribute to the future of the country.

**Q:** I would also like to request that you share a message regarding peace.

**A:** Peace is our greatest aspiration. Only with peace can we work towards the development of our country and be able to compete with the international community. So, in order to move towards a situation that is in line with the current era, all stakeholders need to work with a broad vision and great determination. If we pursue what is achievable, it can be accomplished. However, if we pursue things that are impossible, difficulties will continue to remain. So, peace in the country is the most important priority for our nation. I would like to urge all stakeholders to work together with awareness and understanding.

MNA

*From Page 14*

which are UNESCO World Heritage-listed ancient cultural zones; prominent ancient Buddhist pagodas and stupas that make Myanmar worthy of being called the "Golden Land"; and Myanmar's Thingyan Water Festival, which is the first intangible cultural heritage representing the human race—all of these are favourable foundations for the development of the tourism industry. We are striving to make the best use of these resources and to optimally promote nature-based and culture-based tourism.

Regarding the stability and development of the state, the rule of law is the most fundamental and essential cornerstone. Therefore, I have been providing guidance to the government and taking actions to ensure that every citizen understands legal knowledge. Since the 2024-2025 academic year, legal studies have been taught at the high school level of basic education, so approximately 800,000 high school students have already gained an understanding of the basics of law. In particular, I have directed that efforts to combat drug abuse and online scams be tackled vigorously according to each region. It is also especially necessary for all government members, civil servants, and administrative bodies to act with integrity in order to eliminate corruption, which undermines the rule of law.

Furthermore, the fight against corruption is also a key priority for state-building and economic development. During the term of the previous second democratic government, due to the reckless actions and corruption of those responsible, the state suffered losses of over 13.3 million US dollars and more than K226.1 billion. With the main objective of achieving a "clean government and good governance," we will systematically monitor and ensure integrity not only at the Union, region, and state levels but also at the ward and village administrative bodies that directly engage with the public.

Our government classifies online scams and online gambling as serious crimes against large numbers of people. Therefore, our government will never accept or pardon them and is vigorously suppressing and eliminating them. In the course of such suppression, it has been found that 99% of the perpetrators are foreigners who illegally entered our country via neighbouring countries. Foreign media are portraying this in world news as if Myanmar alone bears the responsibility. Moreover, due to online gambling, conflicts have arisen with ethnic armed groups in the northeastern region, and the country has paid a heavy price. We will strive through various means to restore the state to its original situation and will also cooperate with friendly countries, including China and Thailand.

Our government regards drugs, which can destroy humanity, as a national danger and considers anti-drug efforts a national duty. We are continuously, intensively, and vigorously carrying out activities to prevent and suppress drug production and illicit trafficking.

For certain armed groups operating under the name of EAOs, the main source of income is the drug trade, which is a core business they cannot relinquish, and they continue to produce and sell drugs to this day. We will effectively uncover intelligence and carry out suppression efforts.

In conclusion, I would like to say that the 100-day period since our government took office has been a historic period in which we have been able to begin laying strong foundations for the future of the state. We are holding fast to the two priority goals of "achieving national stability and peace" and "achieving national development" and are carrying out activities at full speed across all sectors.

No matter how great the challenges and difficulties we face, I firmly believe that if the government and the public work hand in hand with unwavering perseverance, following the motto "The strength of the nation lies within the nation itself," we can transform these difficulties into opportunities. Our government will build a new federal union based on democracy and a federal system in accordance with the will of the people. I urge that we not lag behind in outdated thinking. I will take two years to accelerate the construction of a new state, and I will take three years to carry out development at full speed. I earnestly call upon the entire public to actively participate and assist us across all sectors.

After leaving the meeting hall, the President met the press. The Pyidaungsu Hluttaw Speaker took note of and recorded the State of the Nation Address, marking the 100th day of the government in office, delivered by the President.

After the meeting, a luncheon was hosted at the Dining Pavilionof the Hluttaw in honour of the success of the second session of the third hluttaws. The President and attendees of the special meeting enjoyed the luncheon together.

Before and during the luncheon, artistes from MRTV, Fine Arts Department of the Ministry of Hotels and Tourism and Culture and Directorate of Public Relations and Psychological Warfare staged songs.

After the luncheon, the President warmly greeted the attendees.

MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၇/၂၀၂၆)မှ ကြီးကြပ်သူအရာရှိများအပါအဝင်လေ့လာသူဧည့်သည်တော် ၆၇ ဦးနှင့် အခြားလေ့လာသူဧည့်သည်တော်ဦးရေ၁၅၀ တို့ တက်ရောက်လေ့လာကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၉ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၂၅ ရာခိုင်နှုန်း တက်ရောက်ခွင့်ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အစိုးရ၏ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရန်အတွက် ဖိတ်ခေါ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် မိမိဦးဆောင်သည့် အစိုးရအဖွဲ့သစ် နိုင်ငံတော်တာဝန်များကို စတင်လွှဲပြောင်းယူခဲ့သည်မှာ ယနေ့ဆိုလျှင် ရက်ပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး မိမိတို့အစိုးရအဖွဲ့အတွက်သာမက နိုင်ငံတော်အတွက်ပါ အလွန်အရေးကြီးသည့်အခြေခံအုတ်မြစ်များ ချမှတ်နိုင်ခဲ့သည့်ကာလတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထု၏ဆန္ဒနှင့်အညီကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကတစ်ဆင့်ပေါ်ထွက်လာသည့် မိမိတို့အစိုးရအဖွဲ့အပေါ် ပြည်သူများ၏ယုံကြည်အားကိုးမှုကို အလေးထားသောအားဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဦးစားပေးလုပ်ငန်းစဉ်များကို အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုရက်ပေါင်း ၁၀၀ ပြည့်မြောက်သည့်နေ့ထိ ဆောင်ရွက်ခဲ့မှုများနှင့် ပြောင်းလဲတိုးတက်မှုများကို ပြည်ထောင်စုလွှတ်တော်ကနေတစ်ဆင့် မိဘပြည်သူများကို တင်ပြသွားမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်ကစပြီး **“တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး”** နှင့် **“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး”**ဆိုသည့်ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ခဲ့ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ်လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုနေ့လယ်စာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ နေ့လယ်စာသုံးဆောင်စဉ်။

**ယခုအချိန်တွင် တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွတည်ဆောက်ကြရန်လိုပြီး နိုင်ငံတစ်ဝန်းလုံးအမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန် ငြိမ်းချမ်းရေးကိုတည်ဆောက်သည့်နေရာတွင် မဖြစ်နိုင်သည်များကို တောင်းဆိုနေမည့်အစား ခေတ်စနစ်နှင့်ကိုက်ညီသည့် ဖြစ်သင့်၊ ဖြစ်နိုင်သည်များကိုသာ ညှိနှိုင်းတောင်းဆိုကြရန်လိုအပ်၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်သည် အစိုးရမှာပင် တာဝန်ရှိသည်မဟုတ်ဘဲ အစိုးရ၊ တပ်မတော်၊ လွှတ်တော်စသည့် အင်စတီကျူးရှင်းအားလုံးတွင် တာဝန်ရှိသည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်သည့်နေရာတွင် အားလုံးတတ်စွမ်းသရွေ့ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်ထားပြောကြားလို . . .**

များ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ရောက်ရှိနေသူများဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာစေရန်နှင့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးရန်အတွက် **ရက်ပေါင်း ၁၀၀ အတွင်းတွင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ပြီး** ငြိမ်းချမ်းရေးတံခါးကိုလည်း ထာဝရဖွင့်လှစ်ပြီး ဖိတ်ခေါ်ခဲ့ကြောင်း။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်နိုင်ရန် အချက် ၄၃ ချက်ပါ ပြင်ဆင်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ထားပြီးဖြစ်ကြောင်း၊ ကြုံတွေ့နေရသည့် သဘောထားကွဲလွဲမှုများနှင့် လိုလားချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးလမ်းကြောင်းမှ တစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့်သာ အေးချမ်းစွာ အဖြေရှာကြရန်အလေးအနက်ထားပြီး ထပ်မံတိုက်တွန်းလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAOs)အားလုံးကို တွေ့ဆုံဆွေးနွေးရန် အမြဲဖိတ်ခေါ်နေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း။

ယခုအချိန်တွင် တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွတည်ဆောက်ကြရန်လိုပြီး နိုင်ငံတစ်ဝန်းလုံးအမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန် ငြိမ်းချမ်းရေးကို တည်ဆောက်သည့်နေရာတွင်**မဖြစ်နိုင်သည်များကို တောင်းဆိုနေမည့်အစား** ခေတ်စနစ်နှင့် ကိုက်ညီသည့် ဖြစ်သင့်၊ ဖြစ်နိုင်သည်များကိုသာ ညှိနှိုင်းတောင်းဆိုကြရန်လိုအပ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်သည် အစိုးရမှာပင် တာဝန်ရှိသည်မဟုတ်ဘဲ **အစိုးရ၊တပ်မတော်၊လွှတ်တော်စသည့် အင်စတီကျူးရှင်းအားလုံးတွင်** တာဝန်ရှိသည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သည့်နေရာတွင် အားလုံးတတ်စွမ်းသရွေ့ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်ထားပြောကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်၍ တပ်မတော်ကို **တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့်**ခေတ်မီတပ်မတော်(Standard Army) တစ်ရပ်ဖြစ်အောင် ဖွဲ့စည်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရေးအတွက် တပ်မတော်၏ဦးဆောင်မှုဖြင့် **ပြည်သူ့စစ်မဟာဗျူဟာ**ကိုဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ရှိသော်လည်း မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့်အခြေအနေအရ တပ်မတော်အနေဖြင့် ရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီးပါဝင်ဖြေရှင်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုပိုင်းဆိုင်ရာ ပိုမိုတိုးတက်လာစေရန် စနစ်တကျလေ့ကျင့်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သားပြည့်ဝသော၊ အဂတိကင်းသော၊ ပြည်သူချစ်သောရဲတပ်ဖွဲ့ဝင်များဖြစ်စေရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများကို ကာကွယ်မြှင့်တင်သည့်နေရာတွင် အခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒဖြစ်သည့် **လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်**သည့် မူဝါဒကိုစွဲကိုင်ပြီး နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မျှပြီးဟန်ချက်ညီသည့် ဆက်ဆံရေးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းမိတ်ဆွေနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ **ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်နှင့်အညီ**နိုင်ငံတကာဆက်ဆံရေးကိုခိုင်မာအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ အာဆီယံအခြေအနေနှင့် ပတ်သက်ပြီး လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း အာဆီယံနိုင်ငံအချို့၏ သဘောထားနှင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများပြုလုပ်ခဲ့သော်လည်း မိမိတို့အနေဖြင့် စိတ်ရှည်သည်းခံပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်က လိုအပ်သည့်တုံ့ပြန်မှုများ Case By Case တုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပကတိအခြေအနေများကိုအခြေခံပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံကဦးဆောင်သောမြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့်ဆက်ဆံရေးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အချိန်သည် မိမိတို့နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအုတ်မြစ်ဖြစ်သည့် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍ**များကို ဟန်ချက်ညီညီ ပေါင်းစပ်တွန်းတင်ရမည့် အရေးကြီးသည့်ကာလဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသောကြောင့် ကျေးလက်ဒေသနေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးမှသာ ကျေးလက်ဒေသနေပြည်သူများ၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများလည်းတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် လယ်၊ တောင်ယာ၊ ယာစသည်ဖြင့် အမျိုးမျိုးသော စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွက် အဆိုပါစိုက်ပျိုးမြေပမာဏသည် လုံလောက်သည့်ပမာဏဖြစ်သည့်အတွက် စိုက်ပျိုးမြေကိုထပ်မံတိုးချဲ့ဖော်ထုတ်ရန် မလိုတော့ဘဲ သမားရိုးကျစိုက်ပျိုးရေးစနစ်မှ **ခေတ်မီစက်မှုလယ်ယာစနစ်**သို့ကူးပြောင်းပြီး ပန်းတိုင်အထွက်နှုန်း ရရှိရန်၊ သီးထပ်စိုက်ပျိုးမှုများနှင့် အထွက်နှုန်းတိုးအောင် တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် စားရေရိက္ခာအတွက် အဓိကကျသည့် ဆန်စပါးကိုလယ်မြေအားလုံးတွင် ပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုးစေပြီး ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပကို ဆန်စပါးတင်ပို့မှုမြင့်မားခဲ့သည့်အခြေအနေကို ပြန်လည်ရောက်ရှိအောင် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် **မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည်**ဆိုသည့် မျှော်မှန်းချက်နှင့်အညီ ပထမအဆင့်တွင် ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန် သုံးသန်းတင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့်အရည်အသွေးကောင်းစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်နှင့် မျိုးအလိုက်စပါးစိုက်ဧက ၃ ဒသမ ၅ သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်မည့်အစီအမံများကိုလည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအဆင့်တွင် နှစ်စဉ်ဆန်တန်ချိန် ငါးသန်းထိတင်ပို့နိုင်အောင်ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသတွင်းနိုင်ငံများအတွက်သာမက ကမ္ဘာ့စားနပ်ရိက္ခာကိုပါ ဖြည့်တင်းပေးနိုင်သည့် အဓိကနိုင်ငံများထဲတွင် **ကမ္ဘာ့စပါးကျီနိုင်ငံ**အဖြစ်ပါဝင်လာနိုင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့်စပ်လျဉ်း၍ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို အထူးဇုန် ၁၂ ခုသတ်မှတ်ပြီး တစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်

အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နှမ်းနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင်အထွက်နှုန်းတင်း ၂၀ သတ်မှတ်ထားသော်လည်း အမှန်တကယ်အထွက်နှုန်းသည် ၉ ဒသမ ၆ တင်းသာရှိသည့်အတွက် ၅၀ ရာခိုင်နှုန်းသာရှိသည်ကိုတွေ့ရပါကြောင်း၊ ပန်းတိုင်အထွက်နှုန်းပြည့်မီမည်ဆိုပါက ထုတ်လုပ်မှုကုန်ကျစရိတ်များ ကျဆင်းလာမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့် ညီညွတ်သည့်ဆီစားသုံးမှုပမာဏအရ လူတစ်ဦးအတွက် ဆီကိုတစ်နှစ်တွင် ငါးပိဿာမှ ခြောက်ပိဿာကြားသာစားသုံးသင့်သော်လည်း မိမိတို့နိုင်ငံသားများအနေဖြင့် တစ်နှစ်တွင် ရှစ်ပိဿာကျော်ထိစားသုံးနေသည့်အတွက် ပုံမှန်သုံးစွဲသင့်သည့် ပမာဏထက်များစွာကျော်လွန်သုံးစွဲနေသည်ကိုလည်း စစ်တမ်းများအရ သိရကြောင်း၊ ဆီစားများခြင်းသည် ပြည်သူများ၏ ကျန်းမာရေးဆိုးကျိုးများကို ဖိတ်ခေါ်နေသည့်အပြင် ပြည်ပကစားအုန်းဆီတင်သွင်းရသည့်အတွက် နိုင်ငံခြားငွေအများအပြားသုံးနေရကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၅ ဒသမ ၅ သိန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၆ ဒသမ ၄ သိန်းတင်သွင်းခဲ့ရကြောင်း၊ ထို့ကြောင့် ဆီစားနှုန်းလျှော့ချပြီး နိုင်ငံတော်၏လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် အထူးအလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါ၊ ဝါးစသည်တို့ကို တိုးချဲ့စိုက်ပျိုးရန်၊ ရော်ဘာကိုပြည်တွင်း၌ အရည်အသွေးရှိရှိထုတ်လုပ်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဝါမျိုးစုံစိုက်ဧက ၅ ဒသမ ၅ သိန်းခန့် စိုက်ပျိုးလျက်ရှိပြီး ၂၀၂၇-၂၀၂၈ စိုက်ရာသီတွင် ဧကခြောက်သိန်းထိ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုထွက်ရှိနေသည့် ဝါအထွက်နှုန်းနှင့် စိုက်ဧကမှန်ကန်ပါက ပိုလျှံမှုများစွာရှိမည်ဖြစ်သောကြောင့် မိမိတို့ပြည်ပသို့တင်ပို့နိုင်ပါကြောင်း၊ လက်ရှိတွင် ဝါထွက်နှုန်းသည် ပျမ်းမျှတစ်ဧကတွင် ၄၉၉ ပိဿာသာရှိသောကြောင့် ပန်းတိုင်ထွက်နှုန်းပိဿာ ၇၀၀ ထိထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေများစွာရနိုင်မည်ဖြစ်သည့်အတွက် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကကျသည့် စိုက်ပျိုးရေလုံလုံလောက်လောက်ရရှိစေရန်ဆိုလာစနစ်ဖြင့်မြစ်ရေတင်စီမံကိန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ကိုယ့်အားကိုယ်ကိုးပြီး တစ်ပိုင်တစ်နိုင်ဆိုလာစနစ်ဖြင့် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်နိုင်ရန် ဒေသများစွာတွင် လျင်လျင်မြန်မြန်အကောင်အထည်ဖော်နိုင်ပါက စီမံကိန်းကရရှိမည့်အကျိုးကျေးဇူးများကို ပြည်သူလူထုက ဆောလျင်စွာခံစားနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ စားရေရိက္ခာကဏ္ဍတွင် အရေးပါသည့်မွေးမြူရေးကဏ္ဍကို တင်ပြလိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားစေရန်အတွက် **တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စနစ်တကျစီးပွားဖြစ်မွေးမြူရေးစနစ်**သို့ကူးပြောင်းရန် လိုအပ်ကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးစသည့်အသား ငါးမျိုးကို စနစ်တကျမွေးမြူနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးများလုံလောက်စွာရရှိစေခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

လူဦးရေ ၅၁ ဒသမ ၄ သန်း၏ တစ်နှစ်တာစားသုံးမှုနှုန်းဖြင့် တွက်ကြည့်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အများစုတွင် ကြက်သားနှင့်ဝက်သားထုတ်လုပ်မှုနှင့် အခြေခံအစားအစာဖြစ်သည့် ကြက်ဥ၊ ဘဲဥသည် ဒေသတွင်းဖူလုံမှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ စားသုံးမှုနှင့်ထုတ်လုပ်မှုကွာဟချက်ကြီးမားခြင်းကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်နေခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် စားသုံးမှုဖူလုံရန် မွေးမြူရေးကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၏ အမှန်တကယ်ငါးကုန်ထုတ်လုပ်မှုတွင် မွေးမြူရေးသည် ၃၀ ရာခိုင်နှုန်းနှင့် ဖမ်းယူခြင်းသည် ၇၀ ရာခိုင်နှုန်းဖြစ်နေပြီး မွေးမြူရေးတွင် ဒေသတွင်းနိုင်ငံများထက် များစွာလျော့နည်းနေသည်ကိုတွေ့ရှိရကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် အလွန်အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ **“လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ စီးပွားရေးဖွံ့ဖြိုးမည်”**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများသွားလာမှုပိုမိုမြန်ဆန်ချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက်ကုန်းလမ်း၊ရထားလမ်းနှင့်ရေကြောင်းလမ်း၊လေကြောင်းလမ်းပို့ဆောင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပဋိပက္ခများကြောင့် ပျက်စီးခဲ့ရသည့်လမ်း၊ တံတားအခြေခံအဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်ပေးလျက်ရှိကြောင်း။

လက်ရှိအနေအထားအရ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံတိုင်းတွင် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများနှင့် အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့်ဖြစ်ပေါ်လာသည့် စက်သုံးဆီဈေးနှုန်း မြင့်တက်မှုနှင့် ပြတ်လပ်မှုဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေကြရကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရေနံစိမ်းတစ်စည်ကို အမေရိကန်ဒေါ်လာ ၈၄ ဝန်းကျင်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂ ဝန်းကျင်ရှိခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းပဋိပက္ခဖြစ်ပွားသည့် ၂၀၂၆ ခုနှစ်နောက်ပိုင်းတွင် ရေနံစိမ်းတစ်စည်ကို အမေရိကန်ဒေါ်လာ ၁၂၆ ဒေါ်လာထိ မြင့်တက်လာခဲ့သည့်အတွက် စက်သုံးဆီအပေါ်မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းများအားလုံး၏ ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားလာခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့် စက်သုံးဆီတင်သွင်းနေရသည့်အတွက် အဆိုပါအခက်အခဲကိုကျော်လွှားရန် စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီချွေတာရေးကိုအမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မော်တော်ယာဉ်များကို စုံရက်၊မရက်သတ်မှတ်ပြီး မောင်းနှင်စေခြင်း၊ ဗုဒ္ဓဟူးနေ့တွင် Work from Home ဆောင်ရွက်စေခြင်းတို့ဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ခဲ့ကြောင်း၊ ထိုသို့လျှော့ချနိုင်သည့်အတွက် တစ်ရက်လျှင် စက်သုံးဆီ ၁ ဒသမ ၂ ဂါလန်သန်း သက်သာစေခဲ့သည့်အတွက် တစ်ရက်လျှင်အမေရိကန် ဒေါ်လာ ခုနစ်သန်း၊ တစ်လလျှင် ဒေါ်လာသန်း ၂၁၀ ခန့်သက်သာခဲ့ပြီး လက်ရှိအချိန်ထိ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော် သက်သာစေခဲ့ကြောင်း၊ ပြည်သူလူထုက ပူးပေါင်း ပါဝင်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

ထို့ပြင် မိမိတို့အစိုးရအနေဖြင့် စက်သုံးဆီအပေါ်မှီခိုမှုကိုလျှော့ချနိုင်ရန် **မီးရထားကဏ္ဍ**ကို အရှိန်အဟုန်ဖြင့်အဆင့်မြှင့်တင်နေခြင်းဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲမှုချွေတာနိုင်ရေးအတွက် စက်သုံးဆီအစားထိုး**ဘက်ထရီစနစ်သုံးလျှပ်စစ်ရထားစက်ခေါင်းများ(Battery electric locomotives-BEL)** ပြည်တွင်းတွင် ပြောင်းလဲပြင်ဆင်ထုတ်လုပ်ပြီး အချို့လမ်းပိုင်းများတွင် စတင်ပြေးဆွဲလျက်ရှိကြောင်း၊ လတ်တလောတွင် **BEL** ဘက်ထရီရထားစက်ခေါင်းများ အသုံးပြုပြေးဆွဲခြင်းသည် စက်သုံးဆီသုံးစွဲမှုချွေတာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေသည့် အကောင်းဆုံး နည်းလမ်းဖြစ်သောကြောင့် လျှပ်စစ်ရထားများပြေးဆွဲ အသုံးမပြုနိုင်သေးမီ **BEL** စက်ခေါင်းများကို ဆက်လက်အသုံးပြုသွားရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ မော်တော်ယာဉ်ကဏ္ဍတွင်လည်း ဓာတ်ဆီ၊ ဒီဇယ်အစား **လျှပ်စစ်စွမ်းအင်သုံးယာဉ်(EV)**များကို အစားထိုးအသုံးပြုရေးကို အထူးအားပေးဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ကုန်ကျစရိတ်သက်သာသည့် ရေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ကို ရာသီမရွေးထိရောက်စွာအသုံးပြုနိုင်ရန် ရေလမ်းကြောင်းပြင်ဆင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးအနေဖြင့် လေကြောင်းလိုင်း ငါးလိုင်းလေယာဉ်စုစုပေါင်း ၃၂ စင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင်ရှိသည့် **အနီးစခန်းလေဆိပ်၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ ပုသိမ်၊ ပုဂံညောင်ဦး၊ ကျိုင်းတုံနှင့် တာချီလိတ်လေဆိပ်များကို** ခရီးသည်တင်ဂျက်လေယာဉ်များ ဆင်းသက်နိုင်စေရန်အတွက် လေယာဉ်ပြေးလမ်းကို အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအပါအဝင် စီမံချက် ၁၀ ခုကိုလည်း ရက် ၁၀၀အတွင်း အောင်မြင်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင့်အတန်းမြင့်မားစေရန်အတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ကာလတိုဖြေရှင်းနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ရည်(LNG)အသုံးပြုသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းတွင် လျှပ်စစ်နှင့်စွမ်းအင်အရင်းအမြစ်များအပေါ်အခြေခံပြီး သင့်လျော်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တွက်ချက်စဉ်းစားသည့်နေရာတွင် **“နေရောင်ခြည်စွမ်းအင်”**သည် မိမိတို့နိုင်ငံအတွက် အထူးသင့်လျော်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပထဝီဝင်အနေအထားအရ အီကွေတာနှင့်နီးသဖြင့် တစ်နှစ်ပတ်လုံး နေရောင်ခြည်စွမ်းအင် အပြည့်အဝရသည့်အတွက် အရှေ့တောင်အာရှတွင်ဆိုလာစွမ်းအင်ထုတ်လုပ်နိုင်စွမ်း အလားအလာအကြီးမားဆုံးနိုင်ငံများထဲတွင်ပါဝင်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေသည့် ပြန်လည်ပြည့်ဖြိုးမြဲကိုယ်ပိုင်ဆိုလာဓာတ်အားပေးစနစ်များ တည်ဆောက်တပ်ဆင်အသုံးပြုကြရန် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ရေရှည်စဉ်ဆက်မပြတ်ဓာတ်အားထုတ်လုပ်နိုင်ရန်အရေးကြီးသည့်အတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဧရာဝတီပင်မမြစ်ကြီးပေါ်တွင်လည်း အနိမ့်တမံနှင့် ဓာတ်အားပေးစက်ရုံများတည်ဆောက်နိုင်ရေး လေ့လာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြစ်ဆုံစီမံကိန်းအပါအဝင် တည်ဆောက်မည့် လျှပ်စစ်စီမံကိန်း ၁၀ ခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် လိုအပ်သည့်

စာမျက်နှာ ၁၈ သို့

**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင်ရှိသည့် အနီးစခန်းလေဆိပ်၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ ပုသိမ်၊ ပုဂံညောင်ဦး၊ ကျိုင်းတုံနှင့် တာချီလိတ်လေဆိပ်များကို ခရီးသည်တင်ဂျက်လေယာဉ်များ ဆင်းသက်နိုင်စေရန်အတွက် လေယာဉ်ပြေးလမ်းကို အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအပါအဝင် စီမံချက် ၁၀ ခုကိုလည်း ရက် ၁၀၀အတွင်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ . . .**

**ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ရေရှည်စဉ်ဆက်မပြတ်ဓာတ်အားထုတ်လုပ်နိုင်ရန်အရေးကြီးသည့်အတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်၊ ဧရာဝတီပင်မမြစ်ကြီးပေါ်တွင်လည်း အနိမ့်တမံနှင့် ဓာတ်အားပေးစက်ရုံများတည်ဆောက်နိုင်ရေး လေ့လာမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိ . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ်လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာပြီးမြောက်ခြင်းဂုဏ်ပြုနေ့လယ်စာစားပွဲအခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)**

**စာမျက်နှာ ၁၇ မှအဆက်**

လျှပ်စစ်ဓာတ်အားပမာဏကို အပြည့်အဝ ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သောကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင့်အတန်း မြင့်မားစေရန်အတွက် ကြိုးစားအကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားရှာဖွေသည့်နေရာတွင် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများသည်လည်း ထည့်သွင်းစဉ်းစားရမည့် နည်းလမ်းများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ပြည့်မီရန်အတွက် တစ်ထောင့်တစ်နေရာက အားဖြည့်နိုင်ရန် မဂ္ဂါဝပ် ၆၆၀ ထိထွက်ရှိမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေမည့် အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ငါးနှစ်အတွင်း အဆင့်လိုက် တည်ဆောက်သွားမည်ဖြစ်သည့်အပြင် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် အဓိကမောင်းနှင်အားဖြစ်သည့် **လူသားအရင်းအမြစ်**သည် အဓိကအကျဆုံးဖြစ်ပြီး ယင်းအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးသည် ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် ၂၀၂၄ ခုနှစ်တွင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး တွက်ချက်နိုင်မှုနှုန်းသည် ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း။

စာတတ်မြောက်မှုနှုန်း မြင့်မားနေသော်လည်း ပြည်သူလူထု၏ ကျောင်းနေရာခိုင်နှုန်းသည် နည်းပါးနေသေးပြီး ပညာအရည်အချင်း နိမ့်ကျနေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အရွယ် လူငယ် ငါးဦးတွင် သုံးဦးသာ လက်ရှိကျောင်းတက်ရောက်နေပြီး အသက် ၂၀ နှစ်အရွယ် ခြောက်ဦးသည် တစ်ဦးသာ ပညာဆက်လက်သင်ကြားလျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တွင် ကျောင်းထွက်နှုန်း မြင့်မားနေသည်ကို တွေ့ရကြောင်း၊ အသက် ၂၅ နှစ်နှင့်အထက် လူဦးရေ၏ အမြင့်ဆုံးအောင်မြင်ပြီးစီးခဲ့သည့် အတန်း၊ ပညာအဆင့်အနေဖြင့် အတန်းမရှိနှင့် မူလတန်းအဆင့်ပြီးမြောက်မှု ၄၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်ပြီးမြောက်မှု ၂၃ ဒသမ ၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့် ပြီးမြောက်မှု ၁၄ ရာခိုင်နှုန်းနှင့် ဘွဲ့ရပြီးသူ ၁၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း၊ ယခင် သန်းခေါင်စာရင်းအချက်အလက်များကို ပြန်ကြည့်မည်ဆိုလျှင်လည်း အတန်းမရှိနှင့် မူလတန်းအဆင့်သာပြီးမြောက်သူ ၁၉၇၃ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၈၄ ရာခိုင်နှုန်းနှင့် ၂၀၁၄ ခုနှစ်တွင် ၆၁ ရာခိုင်နှုန်းရှိသည့်အတွက် မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် မူလတန်းပညာရေးသာ ပြီးမြောက်ခဲ့ကြသည်ဟု သုံးသပ်ရရှိကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် KG+9 ထိ မသင်မနေရပညာရေးစနစ်အဖြစ်ပြောင်းလဲပြီး နိုင်ငံတော်၏ ပညာရေးကဏ္ဍ တိုးတက်လာစေရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေများကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍတိုးတက်ရန်အတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း အသုံးပြုသွားမည်ဖြစ်သကဲ့သို့ အခြားဝန်ကြီးဌာနများ၏ ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်း ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့် တစ်နှစ်ကျော် ၂၀၂၈–၂၀၂၉ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းထိ တိုးမြှင့်အသုံးပြုသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိကာလ ပညာရေးဝန်ကြီးဌာန၏ စာရင်းအင်းအချက်အလက်များအရ ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့်တွင် ၄ ဒသမ ၉ သန်းခန့်၊ အလယ်တန်းအဆင့်တွင် နှစ်သန်းကျော်၊ အထက်တန်းအဆင့်တွင် ခြောက်သိန်းကျော်နှင့် စုစုပေါင်း ၇ ဒသမ ၅ သန်းကျော် တက်ရောက် ပညာသင်ကြားလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ၂၀၂၅– ၂၀၂၆ ပညာသင်နှစ်မှာ အခြေခံပညာအဆင့် ကျောင်းသားစုစုပေါင်း ၇ ဒသမ ၁ သန်းကျော် တက်ရောက်ခဲ့မှုနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်သည့်အခါ ယခုနှစ်တွင် ကျောင်းသားဦးရေ လေးသိန်းခန့်ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းတက်ရောက်သူ ၉ ဒသမ ၄ သန်းနှင့်နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် လျော့နည်းနေသည်ကိုတွေ့ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရောက်နိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာရေးအားနည်းသည့် ဒေသများအတွက် အထူးစီမံချက်များချမှတ်ပြီး KG+9 ထိ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း ၉၂ ကျောင်းထိ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ကျောင်းများမှတစ်ဆင့် သင့်တော်သည့် သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်းထဲမှ ကျောင်းဧရိယာနှင့် အခြေခံအဆောက်အအုံအရ သင့်တော်သည့် ပွင့်ဖြူ၊ သာယာဝတီ၊ သထုံနှင့် ဟဲဟိုးတို့တွင်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးကောလိပ်အဖြစ် အဆင့်တိုးမြှင့်နိုင်ရန်နှင့် လိုအပ်သည့် ဆရာ၊ ဆရာမနှင့်ဝန်ထမ်းများ ခန့်အပ်နိုင်ရန် စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၅၀၉၆၂ ကျောင်းရှိသည့်အနက် ၃၅၅၃၉ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်တွင်ရှိသည့် တက္ကသိုလ်အခု ၅၀ အနက် ၄၈ ခုဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံပညာအဆင့်တွင် ဆရာ၊ ဆရာမအင်အား ၃၁၅၂၈၅ ဦး၊ အဆင့်မြင့်ပညာအဆင့်တွင် ၁၀၆၇၉ ဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ပညာရေးဒီဂရီကောလိပ် ၂၅ ခုအနက် ငါးခုကို ဆရာအတတ်ပညာသင်တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးဒီဂရီကောလိပ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများကို ဆရာအတတ်ပညာသင်တက္ကသိုလ်များတွင် မဟာဘွဲ့တက်ခွင့်ပေးပြီး မဟာဘွဲ့ရပါက အထက်တန်းပြအဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ မူလတန်းပြအဖြစ်သာ တာဝန်ထမ်းဆောင်လိုသူများကို ပညာရေးဒီဂရီကောလိပ်က သက်ဆိုင်ရာဘွဲ့ရပြီးပါက လက်ထောက်မူလတန်းပြ (လက်ထောက်အလယ်တန်းပြနှင့် လစာတူ) အဖြစ် ခန့်အပ်ပြီး သင်ကြားသည့်လုပ်သက်နှင့် အရည်အချင်းပေါ်မူတည်ပြီး ဆက်လက်၍ ဒုတိယမူလတန်းပြ (အလယ်တန်းပြနှင့် လစာတူ)၊ တစ်ဖန် သတ်မှတ်လုပ်သက်နှင့် အရည်အချင်းကိုက်ညီပါက မူလတန်းပြ (အထက်တန်းပြနှင့်လစာတူ) ရာထူး၊ လခများတိုးမြှင့်ပေးသွားမည် ဖြစ်ကြောင်း။

ကလေးငယ်များ၏ ပညာရေးတွင် မူလတန်းသည် အရေးကြီးသည့်အတွက် ထိုသို့ စီစဉ်ပေးထားခြင်းဖြစ်ကြောင်း၊ အလားတူ ပညာရေးဒီဂရီကောလိပ်တွင် ဘွဲ့ရပြီးပါက လက်ထောက်အလယ်တန်းပြအဖြစ် ခန့်အပ်မည်ဖြစ်ပြီး သတ်မှတ်လုပ်သက်နှင့် အရည်အချင်းပြည့်မီလျှင် ဒုတိယအလယ်တန်းပြ၊ သတ်မှတ်လုပ်သက်နှင့် အရည်အချင်းပြည့်မီလျှင် အလယ်တန်းပြ (အထက်တန်းပြနှင့်လစာတူ)အဖြစ် တိုးမြှင့်ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခန့်အပ်ရန်ကြန့်ကြာနေသည့် ဆရာ၊ ဆရာမ ဦးရေ ၈၀၀၀ ကိုလည်း ယခုလအတွင်း ခန့်အပ်ထားပြီးဖြစ်ကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ကလေးများကို စာမေးပွဲအောင်ရုံမျှမဟုတ်ဘဲ အမှန်တကယ်နားလည်တတ်မြောက်သည့် ကလေးများဖြစ်အောင်၊ ဘက်စုံထူးချွန်သည့် ကလေးများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်နှင့် “၏” “သည်” မရွေးမှန်မှ အမှတ်ပေးသည့် စနစ်ကိုပြုပြင်ပြောင်းလဲရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့် ပြည့်ဝသည့် ကျောင်းများဖြစ်စေရန်အတွက် အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football for School Program ကိုလည်း မိမိတို့အစိုးရ၏ ရက် ၁၀၀ ကာလအတွင်းတွင် အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည့်အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တက္ကသိုလ်ကြီးများတွင် ဘွဲ့နှင်းသဘင်ခန်းမ၊ အပန်းဖြေရိပ်သာ၊ အဆင့်မီဘောလုံးကွင်းနှင့် အားကစားရုံများလည်း ဆောက်လုပ်ပေးလျက်ရှိကြောင်း။

မိမိတို့အစိုးရအနေဖြင့် အာကာသနည်းပညာကဏ္ဍတွင် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် အာကာသပြတိုက်ဖွင့်လှစ်ခြင်း၊ လူငယ်များအတွက် အာကာသဆိုင်ရာ ပြိုင်ပွဲများကျင်းပပေးခြင်းစသည့် လူထုပညာပေးရေးအစီအစဉ်များမှသည် ဂြိုဟ်တုမြေပြင်ထိန်းချုပ်ရေးစခန်းတည်ဆောက်ခြင်းများထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဂြိုဟ်တုအချက်အလက်များနှင့် AI နည်းပညာကိုပေါင်းစပ်ပြီး စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးအပါအဝင် အခြားလူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် လက်တွေ့အသုံးချနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရုရှားနိုင်ငံနှင့်အစိုးရအချင်းချင်း သဘောတူညီချက် ရေးထိုးထားသကဲ့သို့ တရုတ်၊ အိန္ဒိယ၊ ဘယ်လာရုစ်တို့အပါအဝင် နိုင်ငံတကာ အာကာသအဖွဲ့အစည်းများနှင့်လည်း အာကာသနည်းပညာနယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအချိန်တွင် မြန်မာနိုင်ငံပိုင်ဂြိုဟ်တုကို တရုတ်နိုင်ငံနှင့် ပူးပေါင်းပြီး လွှတ်တင်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်နှင့် လိုအပ်သည့်နည်းပညာလုပ်ငန်းများကို စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း၊ Nano Satellite နှင့် Micro Satellite များကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းတည်ဆောက်လွှတ်တင်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာအာကာသယာဉ်မှူးများ အာကာသခရီးစဉ်တွင်ပါဝင်နိုင်ရန် ရုရှားနိုင်ငံနှင့်ပူးပေါင်းပြီး အာကာသယာဉ်မှူးလောင်းများကို စိစစ်ရွေးချယ်လေ့ကျင့်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အာကာသနည်းပညာသည် ကုန်ကျစရိတ်များပြားပြီး အချိန်ယူဆောင်ရွက်ရသည့် ကဏ္ဍဖြစ်သော်လည်း နိုင်ငံ၏ရေရှည်အနာဂတ်အတွက် မဖြစ်မနေရင်းနှီးမြှုပ်နှံသွားရမည်ဖြစ်ကြောင်း။

**၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ပြည့်မီရန်အတွက် တစ်ထောင့်တစ်နေရာက အားဖြည့်နိုင်ရန် မဂ္ဂါဝပ် ၆၆၀ ထိထွက်ရှိမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေမည့် အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ငါးနှစ်အတွင်း အဆင့်လိုက်တည်ဆောက်သွားမည်ဖြစ်သည့်အပြင် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်. . .**

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးသည်လည်းအခြေခံကျပြီး ပဓာနကျသည့်အချက်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ”** ဆိုသည့် ခံယူချက်ကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ အဓိကရည်မှန်းချက်သည် **“ဆေးရုံရှိလျှင်၊ ဆရာဝန်ရှိရမည်”** ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်ပါမကျန်၊ ဆင်းရဲချမ်းသာမရွေး **လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု(UHC)** ကို ရရှိခံစားနိုင်စေရန်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ မွေးဖွားစဉ်မျှော်မှန်းသက်တမ်းသည် ၂၀၀၀ ပြည့်နှစ် မြန်မာ့ကျန်းမာရေးမျှော်မှန်းချက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းအစနှစ်တွင် ၆၀ မှ ၆၄ နှစ်ကြားသာရှိခဲ့ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို ၇၅ နှစ်မှ ၈၀ နှစ်အကြားထိတိုးမြှင့်လာရန် မျှော်မှန်းဆောင်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုယန္တရားကြီးတစ်ခုလုံး ကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့်ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များသည် အလွန်အရေးကြီးကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် သူနာပြုနှင့်သားဖွားနီးနွယ်သင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း ဦးစားပေးအနေဖြင့် ဖွဲ့စည်းပုံတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ သူနာပြုများ၏ ဂုဏ်သိက္ခာနှင့် တာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် သူနာပြုများအတွက် ရာထူးအဆင့်အလိုက် လစာတိုးမြှင့်ခြင်းနှင့် ထပ်ဆောင်းချီးမြှင့်ငွေများကိုလည်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကစ၍ ခံစားခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆရာဝန်သစ်လွှင် ဦးရေ ၁၂၀၀ ခန့်နှင့် သူနာပြုသစ်လွှင် ဦးရေ ၂၆၀၀ ခန့်ကို ထပ်မံခန့်အပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ရှိသည့် ခုတင် ၂၀၀ ဆံ့ဆေးရုံများကို ခုတင် ၃၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးခြင်း၊ ဆေးပစ္စည်းကိရိယာများ ဖြည့်တင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာများကိုလည်း တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသားများ ပြည်ပတွင် သွားရောက်ဆေးကုသည့်အရေအတွက်ကလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်းကြောင့် နိုင်ငံခြားငွေအမြောက်အမြား ကုန်ကျနေပြီး ထူးချွန်ထက်မြက်သည့် မြန်မာနိုင်ငံသား ဆေးပညာရှင်အများအပြားသည် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းတွင် အဆင့်မြင့် ဆေးရုံကြီးများတည်ဆောက်ပြီး ပြည်ပရောက်မြန်မာဆေးပညာရှင်များ လာရောက် ဆေးကုသပေးနိုင်အောင် စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းလိုပါကြောင်း။

**မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍတိုးတက်ရန်အတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်းအသုံးပြုသွားမည်ဖြစ်သကဲ့သို့ အခြားဝန်ကြီးဌာနများ၏ ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်၊ လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်း ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းထိ တိုးမြှင့်အသုံးပြုသွားရန် စီမံဆောင်ရွက်လျက်ရှိ. . .**

မိမိတို့နိုင်ငံသည် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ လူငယ်ဦးရေ ၁၇ သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည့်အတွက် လူငယ်အင်အားများပြားသည့် နိုင်ငံဖြစ်သည်မှာ ရွှေရောင်အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခွင့်အလမ်းကောင်းရှိနေသော်လည်း လူငယ်ထုအတွင်းတွင် ကျောင်းထွက်နှုန်းမြင့်မားနေသည့်အတွက် အဆင့်မြင့်ပညာရရှိမှု၊ သက်မွေးပညာရေးရရှိမှု၊ ဒစ်ဂျစ်တယ်နည်းပညာတတ်ကျွမ်းမှုစသည့် ပညာရေးဆိုင်ရာအားနည်းချက်များ ဖြစ်ပေါ်နေပါကြောင်း၊ ထိုကဲ့သို့ အားနည်းချက်များကြောင့် ဘဝအာမခံချက်ရှိသည့် အလုပ်အကိုင်ရရှိမှုအားနည်းခြင်း၊ ပုံမှန်လုပ်ခလစာမရရှိသည့်အလုပ် (Informal sectors) များတွင် အများစုလုပ်ကိုင်နေရခြင်း၊ ကျောင်းသင်ပညာရေးနှင့် အလုပ်အကိုင်ကိုက်ညီမှုအားနည်းခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုဂေဟစနစ်အားနည်းခြင်းစသည့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာ၊ အွန်လိုင်းလောင်းကစား၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများ၊ စိတ်ကျန်းမာရေးပြဿနာများစသည့် လူမှုရေးဆိုင်ရာစိန်ခေါ်မှုများအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု (Civic Engagement) နည်းပါးခြင်း၊ ပရဟိတလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ရင်းစေတနာဖြင့် လုပ်ကိုင်ကြသည်မှန်သော်လည်း စည်းစနစ်တကျဆောင်ရွက်နိုင်မှုအားနည်းခြင်းစသည့် အမျိုးသားရေးစိတ်ဓာတ်ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း မိမိတို့နိုင်ငံတွင် တွေ့ကြုံနေရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် ယခင်က လူငယ်နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနသီးခြားမရှိခဲ့သော်လည်း အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအလေးထား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းခဲ့ပါကြောင်း၊ မိမိအနေဖြင့် လူငယ်များသည် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသယံဇာတများဖြစ်သည်ဟုခံယူထားပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် “စွမ်းရည်ပြည့်ဝသော လူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သော အနာဂတ်” (Empowered Youth, Strong Nation, Shared Future) ဆိုသည့် ဆောင်ပုဒ်ကိုချမှတ်ထားပြီး “အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးရေးမူဝါဒမူဘောင်တစ်ရပ်ရေးဆွဲကာ မဟာဗျူဟာများ၊ ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

နိုင်ငံအသီးသီးတွင် အားကစားကဏ္ဍသည် ယခင်ကကဲ့သို့ ပြိုင်ပွဲဝင်ရန်၊ ဆုတံဆိပ် ရယူရန်အတွက်လောက်သာ မဟုတ်တော့ဘဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်၊ လူငယ်များ၏ စည်းကမ်း၊ ခေါင်းဆောင်မှုနှင့် အသင်းအဖွဲ့စိတ်ဓာတ်မွေးမြူပေးနိုင်ရန်၊ အမျိုးသား စည်းလုံးညီညွတ်မှုတည်ဆောက်ပေးနိုင်ရန် အထောက်အကူပြုစေသည့်အပြင် နိုင်ငံတကာအလယ်တွင် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့်အတွက် အားကစားပြိုင်ပွဲများကို လက်နက်မပါသည့် တိုက်ပွဲများဟု တင်စားလာကြပါကြောင်း၊ ထို့ကြောင့် မြန်မာ့အားကစားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးကိုရှေးရှုပြီး အားကစားရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ မြို့နယ်များတွင် အဆင့်အတန်းမီ ဘောလုံးကွင်းများ၊ မိုးလုံလေလုံအားကစားရုံများ၊ အများပြည်သူအားကစားလုပ်နိုင်သည့် ပန်းခြံများကို နိုင်ငံတော်ဘဏ္ဍာက စိုက်ထုတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေသည် ၅၃ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ မိမိတို့ မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရပ်ပိုင်းနှင့် အနုပညာစသည့် ကဏ္ဍများတွင် သာမက နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးယန္တရားများတွင်ပါ အမျိုးသားများနှင့်တန်းတူ တိုင်းပြည်အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးနေကြပြီဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီးတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်မှုနှုန်းကိုကြည့်မည်ဆိုပါက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ၄ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ဒုတိယအကြိမ်တွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် အခုတတိယအကြိမ်တွင် ၁၄ ဒသမ ၆ ရာခိုင်နှုန်းထိ တိုးတက်မှုရှိလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အလားတူ အစိုးရအဖွဲ့အစည်းများအတွင်း ညွှန်ကြားရေးမှူးအဆင့်တူနှင့်အထက် အဆင့်မြင့်ရာထူးများတွင် အမျိုးသမီးပါဝင်မှုအချိုးသည် ၅၁ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်မားလာသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့အစိုးရအနေဖြင့် မြန်မာအမျိုးသမီးများ နယ်ပယ်အသီးသီးတွင် စွမ်းဆောင်ရည်များပိုမိုမြင့်မားလာစေရန် အမျိုးသမီးရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတွင် စီးပွားရေးအင်အားမတောင့်တင်းပါက၊ နိုင်ငံမချမ်းသာပါက ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း နိမ့်ကျနေမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံ၏ GDP သည် လွန်စွာနည်းပါးနေသည်မှာ ကုန်ထုတ်လုပ်မှုအားနည်းခြင်းကြောင့်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကာလကြာရှည်စွာကုန်သွယ်မှုမဟုတ်သည့်(Non Trade) ဝင်ငွေကိုသာ အားကိုးခဲ့သည်ကို တွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ရိုးရှင်းသည့်စည်းမျဉ်းစည်းကမ်းများနှင့် စီးပွားရေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု (PPP)ကို အလေးထားမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ သုတေသနဖွံ့ဖြိုးရေးတို့ကို အားကောင်းစေခြင်းနှင့် မူဝါဒတည်ငြိမ်မှုရှိခြင်းသည်လည်း ပုဂ္ဂလိကကဏ္ဍ၏ ယုံကြည်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရာရောက်ကြောင်း ပြောလိုပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ လေးဘီလီယံခန့်ရှိသည့် စက်ဝိုင်းအလယ်တွင်တည်ရှိနေပြီး စီးပွားရေးအရ၊ ကုန်သွယ်ရေးအရ အင်မတန်အလားအလာကောင်းသည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး ပြည်ပပို့ကုန်ကဏ္ဍကို တိုးမြှင့်ရမည်ဖြစ်သကဲ့သို့ ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ရန်အရေးကြီးကြောင်းကို ပြောကြားလိုပါကြောင်း၊ ဤနေရာတွင် ကုန်ဈေးနှုန်း ကြီးမြင့်နေရသည့် အကြောင်းရင်းများကို ပြောကြားလိုပါကြောင်း၊ အဓိကမှာ လောင်စာဆီဈေးနှုန်းတက်ခြင်း၊ ထုတ်ကုန်နည်းပါးခြင်း၊ ကုန်သွယ်မှုလိုငွေများကြောင့် ငွေကြေးဖောင်းပွမှုဖြစ်လာခြင်း၊ အသုံးစရိတ်များပြားခြင်းတို့ကြောင့်ဖြစ်ပါကြောင်း၊ ကုန်သွယ်ရေးလိုငွေပြမှု ဖြစ်ပေါ်စေသည့် ပြည်တွင်းထုတ်ကုန်နည်းပါးပြီး သွင်းကုန်များပြားနေခြင်းက တစ်ချက်ပါဝင်ပါကြောင်း၊ ထို့ပြင် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများကိုပြန်လည်သုံးသပ်လေ့လာပြီး စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ ၄၇ ရာခိုင်နှုန်းသာရှိပါကြောင်း၊ လေ့လာသုံးသပ်ချက်များအရ အလုပ်လုပ်ကိုင်သူများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ပုံမှန်လုပ်ခလစာ မရရှိသည့် အလုပ်များတွင် လုပ်ကိုင်နေကြပြီး အစိုးရဝန်ထမ်းနှင့် ကုမ္ပဏီစသည့် ပုံမှန်လုပ်ခလစာရရှိသည့် အလုပ်များတွင် လုပ်ကိုင်နေသူ ၂၀ ရာခိုင်နှုန်းအောက်သာရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များအတွက် အဓိကစိန်ခေါ်မှုသည် အလုပ်အကိုင်မရှိခြင်းထက် ဘဝအာမခံချက်ရှိသည့် အလုပ်အကိုင်ရရှိရေးပင်ဖြစ်ပါကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံများကို ရွှေ့ပြောင်းသူများထဲတွင် အသက် ၁၅ နှစ်မှ ၃၄ နှစ်ကြားအုပ်စုသည် ထွက်ခွာသူများ၏ ၇၁ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထိုကဲ့သို့ ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်မှုများသည် ပြည်ပမှမိသားစုထံကို ငွေလွှဲပို့နိုင်သည့်အတွက် မိသားစုဝင်ငွေကိုအထောက်အကူပြုနိုင်ခြင်း၊ လူငယ်များအနေဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့ကြုံအသစ်များကိုရရှိလာနိုင်ခြင်း စသည့် ကောင်းကျိုးအချို့ ရှိသော်လည်း ပြည်တွင်း၌ ကျွမ်းကျင်လုပ်သားရှားပါးလာမှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းမှုများကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ရေရှည်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်လာမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် တိုက်ရိုက်ပေါက်ရောက်ပြီး ပင်လယ်ကမ်းရိုးတန်း ၂၃၃၈ ကီလိုမီတာရှိသကဲ့သို့ ဒေသတွင်းအာဆီယံနိုင်ငံများတွင်လည်း ကုန်းမြေ ဧရိယာအများဆုံးပိုင်ဆိုင်သည့် နိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီဝင်အနေအထားအရ အာရှတိုက်၏ အင်အားကြီးနိုင်ငံများကြား ဗဟိုချက်မတွင် တည်ရှိနေသည့်အတွက် **ဒေသတွင်းကုန်သွယ်မှုတံတား** အဖြစ် ဖော်ဆောင်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ အရေးကြီးသည့် မဟာဗျူဟာမြောက်ရည်မှန်းချက်တစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် **အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော်လမ်းမကြီး**စီမံကိန်းကို အထူးအလေးထားဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူထားရသည့် ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် “ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း” (BRI)၏

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

အဓိက စီမံကိန်းတစ်ခုဖြစ်သည့် မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်းသည် မိမိတို့နိုင်ငံ၏ မြောက်ဘက်စီးပွားရေးတံခါးပေါက်ကိုဖွင့်လှစ်ပေးမည့် အသက်သွေးကြောလည်းဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် ကုန်သွယ်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို များစွာအရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းကြီးများအောင်မြင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိရေးသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါကြောင်း၊ သစ်အဆွေးနှင့် ပန်းပုထု၍မရသကဲ့သို့ တိုင်းပြည်မအေးချမ်းလျှင် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနှောင့်အယှက်မရှိဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်ဖြစ်ပြီး ထိုကဲ့သို့ ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာခြင်းကလည်း သစ်တောများ ပြုန်းတီးမှုကြောင့်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စီးပွားဖြစ်သစ်ထုတ်လုပ်မှုကို ဥပဒေအရတားမြစ်ထားသော်လည်း သစ်တောပြုန်းတီးမှုအခြေအနေသည် လုံခြုံရေးအားနည်းနေမှုကို အခွင့်ကောင်းယူပြီး တစ်ဖက်နိုင်ငံကို တရားမဝင် သစ်ခိုးထုတ်တင်ပို့ရောင်းချနေခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထိုကဲ့သို့ တရားမဝင်သစ်ထုတ်လုပ်တင်ပို့ရောင်းချမှုများကြောင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း။

သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ဖြေရှင်းနိုင်ရန် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲက သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လည်း လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ ကျေးရွာများသန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ပြီး ခေတ်မီနည်းပညာများကို အသုံးချနိုင်သည့် စံပြကျေးရွာများ (Clean, Green and Smart Villages) အဖြစ် အသွင်ကူးပြောင်းနိုင်မည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီးပြကြီးများထိပါ Smart City များအဖြစ် ကွန်ရက်ချိတ်ဆက်တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ့ဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည့်အတွက် ရေရှည်စီမံကိန်းအဖြစ် နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ရန်အတွက် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဆိုသည့်မူဝါဒကိုချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် လူဦးရေနှစ်စဉ်တိုးပွားလာနေပြီး အထူးသဖြင့် မြို့ပြနေလူဦးရေမှာ တစ်နေ့တခြားပိုမိုများပြားလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မြို့ပြသာယာလှပရေးနှင့် ပတ်သက်ပြီး မြို့ပြတိုးချဲ့တည်ဆောက်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ရေ၊ မီး၊ လမ်းနှင့် အခြေခံအဆောက်အအုံများကိုဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အဆင့်မီအိမ်ရာများ ဆောက်လုပ်ပေးရန်၊ မြို့ကွက်သစ်များ ဖော်ဆောင်ထားခြင်းနှင့်အညီ အမှန်တကယ်ဆောက်လုပ်နေထိုင်ကြစေရန်၊ မြို့ပြသာယာလှပရေးနှင့်ပတ်သက်ပြီး ချမှတ်ထားသည့် စည်ပင်သာယာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်နယ်နှင့် တိုင်းဒေသကြီးများက မြို့တော်များအားလုံးတွင် အထူးတန်းပွဲကြည့်စင်နှင့် ပရိသတ် ဦးရေ ၅၀၀၀ ဆံ့၊ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ မိုးလုံလေလုံအားကစားရုံ၊ မိုးလုံလေလုံရေကူးကန်များကို ပထမအဆင့်အနေဖြင့် တည်ဆောက်ပေးနေပါကြောင်း၊ လူဦးရေများပြားသည့် ခရိုင်မြို့ကြီးများတွင် ပွဲကြည့်ပရိသတ် ဦးရေ ၃၀၀၀ ဝင်ဆံ့သည့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ဘဏ္ဍာငွေအပေါ်မူတည်ပြီး ကျန်ခရိုင်၊ မြို့နယ်များအားလုံးတွင်လည်း ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရိုးရာယဉ်ကျေးမှုဆိုသည်မှာ အလွန်နူးညံ့သိမ်မွေ့ပြီး စွမ်းအားရှိသည့် Soft Power ဖြစ်သည့်အတွက် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရန် တန်ဖိုးထားလေးစားဂုဏ်ယူပြီး ထာဝရတည်တံ့အောင် ကာကွယ်စောင့်ရှောက်သွားမည်ဆိုသည့် ခိုင်မာသည့်မျိုးချစ်စိတ်ဓာတ်များလိုအပ်ပါကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာနောက်သား မျိုးဆက်သစ် သားစဉ်မြေးဆက်ထိ လက်ဆင့်ကမ်းသယ်ဆောင်ပေးနိုင်စွမ်းရှိကြသူများသည် အနုပညာရှင်များ ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုကို ဖျော်ဖြေသည့်နေရာတွင် မြန်မာ့ရိုးရာဓလေ့ထုံးစံနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး နိုင်ငံ၏ရေစီးကြောင်းပေါ်ပါလာအောင် ဆောင်ရွက်ခဲ့ကြသူများဖြစ်သည့်အတွက် နိုင်ငံတော်၏ဒီမိုကရေစီလျှောက်လှမ်းမှုတွင် အနုပညာရှင်များအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်နှင့် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားလိုပါကြောင်း။

ခရီးသွားကဏ္ဍနှင့် ပတ်သက်ပါက ကမ္ဘာ့နိုင်ငံများတွင် ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံများအဖြစ်တင်စားပြီး အဓိကအားထားလုပ်ဆောင်နေကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငပလီ၊ ချောင်းသာ၊ ငွေဆောင်တို့ကဲ့သို့ သာယာလှပသည့် ပင်လယ်ကမ်းခြေများ၊ အင်းတော်ကြီး၊ အင်းလေး၊ ကျိုက်ထီးရိုး၊ ဖွဲ့ကပင်တို့ကဲ့သို့ သဘာဝအင်းအိုင်တောတောင်ရှုခင်းအလှများ၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပုဂံတို့ကဲ့သို့ အမျိုးသားအမွေအနှစ်နေရာများ၊ မြန်မာနိုင်ငံကို Golden Land ဟု တင်စားလောက်စေသည့် ဗုဒ္ဓဘာသာ၏အထင်ကရ ရှေးဟောင်းဘုရားစေတီများ၊ ပထမဆုံးလူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာတို့၏ အတာသင်္ကြန်ပွဲတော် စသည်တို့သည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အတွက် ရေခံမြေခံကောင်းများဖြစ်ကြပါကြောင်း၊ အဆိုပါအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချပြီး သဘာဝနှင့် ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းများကို အကောင်းဆုံးဖော်ဆောင်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် တရားဥပဒေစိုးမိုးရေးသည် အခြေခံအကျဆုံးပဓာနကျသည့် အုတ်မြစ်ဖြစ်သည့်အတွက် ဥပဒေအသိပညာ လူတိုင်းသိရှိနားလည်စေရန် မိမိကိုယ်တိုင်အစိုးရအဖွဲ့ကို လမ်းညွှန်ချက်ပေးပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစ၍ အခြေခံပညာ အထက်တန်းအဆင့်တွင် ဥပဒေပညာကို သင်ကြားပေးစေခဲ့သည့်အတွက် ဥပဒေပညာအခြေခံကို သိရှိနားလည်ပြီးဖြစ်သည့် အထက်တန်းကျောင်းသား၊ ကျောင်းသူပေါင်း ရှစ်သိန်းခန့်ရှိနေပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် နယ်မြေဒေသအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scams) တိုက်ဖျက်ရေးလုပ်ငန်းများကို ဖိဖိစီးစီးကိုင်တွယ်ဖြေရှင်းရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်အဂတိလိုက်စားမှုများ ကင်းရှင်းစေရန်အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး စိတ်ထားမှန်ကန်စွာ လုပ်ဆောင်ကြရန်လည်း အထူးလိုအပ်ပါကြောင်း။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးစားပေးလုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ ယခင် ဒီမိုကရေစီဒုတိယအစိုးရ သက်တမ်းကာလအတွင်း တာဝန်ရှိသူများ၏ မဆင်မခြင်ဆောင်ရွက်မှုများနှင့် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်းနှင့် မြန်မာငွေကျပ် ၂၂၆ ဒသမ ၁ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရပါကြောင်း၊ "သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်မှု" ဖြစ်စေရေးကို အဓိကရည်မှန်းချက်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များသာမက ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နေရသည့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများကပါ အဂတိကင်းရှင်းစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Online လိမ်လည်မှု၊ Online လောင်းကစားမှုများသည် လူများစုအပေါ် ကျူးလွန်သည့် ကြီးလေးသည့်ရာဇဝတ်မှုများအဖြစ် မိမိတို့အစိုးရက သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လုံးဝလက်ခံခွင့်လွှတ်မည်မဟုတ်ဘဲ ပြင်းပြင်းထန်ထန် နှိမ်နင်းချေမှုန်းလျက်ရှိပါကြောင်း၊ ယင်းသို့နှိမ်နင်းခဲ့ရာတွင် ပြစ်မှုကျူးလွန်သူများ၏ ၉၉ ရာခိုင်နှုန်းသည် ပြည်ပနိုင်ငံသားများဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများက တစ်ဆင့် မိမိတို့နိုင်ငံထဲကို တရားမဝင်ဝင်ရောက် လုပ်ကိုင်ကြခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထိုအရာကို မြန်မာနိုင်ငံကသာ တာဝန်ရှိသည့်ပုံစံမျိုး ပြည်ပမီဒီယာများက ကမ္ဘာ့သတင်းများတွင် ပုံဖော်တင်ပြနေကြခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် အွန်လိုင်းလောင်းကစားမှုအကြောင်းပြုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အရှေ့မြောက်ဒေသတွင် ပြဿနာဖြစ်ပွားခဲ့ရကာ တိုင်းပြည်အနေဖြင့်လည်း များစွာပေးဆပ်ခဲ့ရပါကြောင်း၊ နိုင်ငံတော်ကို မူလအခြေအနေအတိုင်းဖြစ်စေရေးအတွက် နည်းလမ်းမျိုးစုံနှင့် ကြိုးစားဆောင်ရွက် သွားမည်ဖြစ်ပြီး တရုတ်နှင့်ထိုင်းနိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် လူသားမျိုးနွယ်ကို လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ်အဖြစ် သတ်မှတ်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက်နှင့် ဖိဖိစီးစီးစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

EAOs အမည်ခံ လက်နက်ကိုင်အချို့အတွက် အဓိကဝင်ငွေရသည့်လုပ်ငန်းသည် မူးယစ်ဆေးဝါးလုပ်ငန်းဖြစ်ပြီး လုံးဝလက်မလွှတ်နိုင်သည့် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် အခုချိန်ထိ ဆက်လက် ထုတ်လုပ်ရောင်းချနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ထိရောက်စွာသတင်းဖော်ထုတ်ပြီး နှိမ်နင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ မိမိတို့အစိုးရတာဝန်ယူခဲ့သည့် **ရက်ပေါင်း ၁၀၀** ကာလသည် နိုင်ငံတော်၏ အနာဂတ်အတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်များကို စတင်ချမှတ်နိုင်ခဲ့သည့် သမိုင်းဝင် ကာလတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် **"တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"** နှင့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"** ဆိုသည့် ဦးစားပေး ရည်မှန်းချက်နှစ်ရပ်ကို လက်ကိုင်ထားပြီး ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများသည် မည်မျှပင်ကြီးမားနေပါစေ **"ပြည့်အင်အားသည် ပြည်တွင်းမှာ သာရှိသည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူနှင့်အစိုးရသည် မဆုတ်မနစ်သည့် ဖွဲ့လုံ့လများနှင့် လက်တွဲညီညီဆောင်ရွက်မည်ဆိုပါက ယင်းအခက်အခဲများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပုံဖော်နိုင်မည်ဖြစ်သည်ကို မိမိကောင်းစွာ ယုံကြည်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်သစ်ကို တည်ဆောက်သွားမည်ဖြစ်ပြီး အတွေးအခေါ် နောက်ကျမကျန်ရစ်ခဲ့စေရန် မိမိအနေနှင့် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးကို အရှိန်ရအောင် မိမိအနေဖြင့် နှစ်နှစ်အချိန်ယူမည်ဖြစ်ပါကြောင်း၊ အရှိန်အဟုန်ဖြင့်တည်ဆောက်မှုကို သုံးနှစ်အချိန်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးကလည်း မိမိတို့နှင့်အတူ ကဏ္ဍအသီးသီးမှတက်ကြွစွာ ပါဝင်ကူညီပေးကြရန် အလေးအနက် တိုက်တွန်းပါကြောင်း"ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမမှ ပြန်လည်ထွက်ခွာပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကိုပြန်လည်ဖြေကြားသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတပြောကြားခဲ့သည့် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူမှတ်တမ်းတင်သည်။

အစည်းအဝေးအပြီးတွင် တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုနေ့လယ်စာစားပွဲကို လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အစည်းအဝေးသို့တက်ရောက်လာကြသူများသည် ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတို့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

ဂုဏ်ပြုနေ့လယ်စာ အပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနားတက်ရောက်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လူသားမျိုးနွယ်ကို လူညွန့်တုံးစေနိုင်သည့်မူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ်အဖြစ်သတ်မှတ်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ထုတ်လုပ်မှုနှင့်တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်နှင့် ဖိဖိစီးစီး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ. . .**

PPIB News

# ငြိမ်းချမ်းရေးက ကျွန်တော်တို့ အလိုချင်ဆုံးဆန္ဒဖြစ်ပါတယ်။ ငြိမ်းချမ်းမှ တိုင်းပြည်တိုးတက်အောင် လုပ်လို့ရမယ်။ နိုင်ငံတကာနဲ့ ရင်ဆိုင်နိုင်မှာလည်း ဖြစ်ပါတယ်

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၃၁-၇-၂၀၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည်-

**မေး။ လူငယ်တွေအတွက် သတင်းစကားပါးပေးစေလိုပါတယ်။**

**ဖြေ။** လူငယ်တွေအနေနဲ့ ကိုယ့်ဘဝအတွက် ကြိုးစားကြဖို့လိုပါတယ်။ နောက်တစ်ခုက ပညာရေးအားနည်းချက်ရှိနေတယ်။ လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

**မေး။ ငြိမ်းချမ်းရေးအတွက်လည်း စကားလက်ဆောင်ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ငြိမ်းချမ်းရေးက ကျွန်တော်တို့ အလိုချင်ဆုံးဆန္ဒဖြစ်ပါတယ်။ ငြိမ်းချမ်းမှ တိုင်းပြည်တိုးတက်အောင် လုပ်လို့ရမယ်။ နိုင်ငံတကာနဲ့ ရင်ဆိုင်နိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ခေတ်ကာလနဲ့ကိုက်ညီတဲ့အခြေအနေကို သွားနိုင်ဖို့အတွက် သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များက ဒါကိုမျှော်မှန်းချက်ကြီးကြီးနဲ့ လုပ်ဆောင်သွားဖို့လည်း လိုအပ်ပါတယ်။ ဖြစ်နိုင်တာတွေ လုပ်ကြမယ် ဆိုရင်ဖြစ်ပါတယ်။ မဖြစ်နိုင်တာတွေ သွားမယ်ဆိုရင် အခက်အခဲတွေရှိနေကြအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ငြိမ်းချမ်းရေးက ကျွန်တော်တို့နိုင်ငံအတွက် အဓိကဦးစားပေးလိုအပ်ချက်ဖြစ်ပါတယ်။ သက်ဆိုင်သူတွေအားလုံးက အသိတရားရှိရှိနဲ့ ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ တိုက်တွန်းချင်ပါတယ်။

**သတင်းအဖွဲ့**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ကြေညာချက်အမှတ်(၁/၂၀၂၄)ဖြင့် ယခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM)အဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K)(AM)အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဦးချင်းမောင်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် ဦးမန်ခပ်၊ ဦး Y. ခွန်းမောင်၊ ဦးအန်းလူနှင့် ဦးလန်းညိုင်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကို ကြိုဆိုပါကြောင်း၊ နာဂဒေသတွင် မိမိတို့ဌာနေတိုင်းရင်းသားများစွာရှိပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ထားပေးပြီးဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အနေအထားရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍစုံအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးမွေးမြူရေးပိုင်းများအတွက်လည်း နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပြီး ချေးငွေကဏ္ဍများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီအနေဖြင့် နာဂဒေသတွင် ငြိမ်းချမ်းရေး ဆောင်ရွက်နိုင်မည့်အခြေအနေနှင့် ဒေသတစ်ခုလုံးတည်ငြိမ်အေးချမ်းရေးအတွက် ဦးစားပေးဆောင်ရွက်ပေးစေလိုကြောင်း၊ တည်ဆဲဥပဒေအတွင်းမှ နိုင်ငံရေးဆန္ဒကို ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်းနှင့် လိုအပ်သည့်အခက်အခဲများကို တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K) (AM) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးချင်းမောင်က နိုင်ငံတော်အစိုးရသစ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ အစိုးရသစ်လက်ထက် နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့်လက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဟု မျှော်လင့်မိကြောင်း၊ မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးတွင် ပဋိပက္ခများနှင့် မတည်ငြိမ်မှုများရှိနေကြသော်လည်း နာဂဒေသတွင် ယနေ့အချိန်ထိ မလိုလားအပ်သော ပဋိပက္ခပြဿနာတစ်စုံတစ်ရာမရှိဘဲ အေးချမ်းတည်ငြိမ်နေကြောင်း၊ နာဂဒေသသည် တည်ငြိမ်အေးချမ်းလျက်ရှိသော ဒေသတစ်ခုဖြစ်သည့်အတွက် ယင်းအခြေအနေကို ရေရှည်ထိန်းသိမ်းကာ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရနှင့်အတူ ငြိမ်းချမ်းစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲမှ နှစ်ဦးနှစ်ဖက် ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး နာဂဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ထောင်စု၏ငြိမ်းချမ်းရေးအတွက် ကောင်းမွန်သောရလဒ်များနှင့် ဘုံသဘောတူညီချက်များကို အတူတကွဖော်ဆောင်နိုင်မည်ဟု ခိုင်မာစွာ ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နာဂလူမျိုးများနေထိုင်ရာဒေသများတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကို စီမံဆောင်ရွက်နိုင်ရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ရေး၊ NSPNC နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN-K(AM)ခေါင်းဆောင်များ လာရောက်တွေ့ဆုံညှိနှိုင်းနိုင်ရေး၊ နာဂဒေသလုံခြုံရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တပ်မတော်၊ အစိုးရဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အပစ်အခတ်ရပ်စဲရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM)အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာတွင် အမှန်တကယ် ငြိမ်းချမ်းရေးလိုလားသူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို လက်ခံသူ၊ ဒေသအကျိုးအမှန်တကယ်ဖော်ဆောင်လိုသူ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို နားလည်သူဖြစ်ရန် အဓိကလိုအပ်ပါကြောင်း၊ ဒေသလုံခြုံရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသရှိ တပ်မတော်တပ်ရင်း၊တပ်ဖွဲ့များနှင့်လည်းကောင်း၊ အစိုးရဌာနဆိုင်ရာများနှင့်လည်းကောင်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် နာဂဒေသတွင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်း များပြားစွာရှိနေသဖြင့် ဒေသတည်ငြိမ်မှုရှိစေရန် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကို အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K) (AM) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးချင်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး



**နေပြည်တော် ဇူလိုင် ၃၁**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်၏ သဝဏ်လွှာပေးပို့ဖိတ်ကြားမှုအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားခြင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် နှုတ်ခွန်းဆက်စကားပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၃၉ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၂၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ တက်ရောက်ကြပြီး အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၇/၂၀၂၆)မှ ကြီးကြပ်သူအရာရှိများ အပါအဝင် ဧည့်သည်တော် ၆၇ ဦးနှင့် အခြားဧည့်သည်တော်ဦးရေ ၁၅၀တို့က လေ့လာသူအဖြစ် တက်ရောက်ကြကာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတပြောကြားခဲ့သည့် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူမှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် ဇွန် ၄ ရက်မှ ဇူလိုင် ၃၁ ရက်ထိ ကျင်းပခဲ့ပြီး မကြာခင်အချိန်ပိုင်းတွင် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ပြီးမြောက်တော့မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကာလတစ်လျှောက်လုံး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ဒုတိယပုံမှန်အစည်းအဝေး နှစ်လတာကာလတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၂ ရက် ကျင်းပနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးအပိုင်းတွင် ပြည်ထောင်စုအဆင့်၊ ဌာနအဖွဲ့အစည်းများက ပေးပို့လာသည့် ဥပဒေကြမ်း ခုနစ်ခုရှိပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးစရိတ်ခွဲဝေသုံးစွဲမှုဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရ အသုံးစရိတ်ခွဲဝေသုံးစွဲမှုဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)တို့ကို ဥပဒေအဖြစ်ပြဋ္ဌာန်းထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီး ဥပဒေအဖြစ် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေးအတွက် ပေးပို့နိုင်ခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးဆောင်ရွက်ဆဲ ဥပဒေကြမ်း နှစ်ခုနှင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးဆောင်ရွက်ဆဲ ဥပဒေကြမ်းနှစ်ခု စုစုပေါင်း ဆောင်ရွက်ဆဲဥပဒေကြမ်းလေးခု ကျန်ရှိနေသေးကြောင်း၊ အဆိုပါဥပဒေကြမ်းများကို တတိယပုံမှန်အစည်းအဝေးကာလတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို အသိပေးလိုကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(MPU)ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတထံက ပေးပို့လာသည့် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေးခြင်းဆိုင်ရာကိစ္စရပ် ကိုးခု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေးခြင်းဆိုင်ရာကိစ္စရပ် ခုနစ်ခုနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်းပြီး ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ခြင်းနှင့် အမိန့်ကို ဆက်လက်အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ထဲမှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်ဆိုင်ရာကိစ္စရပ်များကို လွှတ်တော်သို့ တင်ပြခဲ့ပြီး မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယင်းအချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နောင်လွှတ်တော်အစည်းအဝေးများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်နှင့် အကြောင်းကြားစာကို ပေးပို့နိုင်ရေးကိစ္စ သဘောတူအတည်ပြုခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သဘောတူအတည်ပြုခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

"အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်သို့ တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်အဖွဲ့အစည်းများဖြစ်သည့် အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ(JCAIPA)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ(JCIPU)တို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလအတွင်းတွင် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်၍ ဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများ စိစစ်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက် အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၆)နှင့် "ရငွေ၊ သုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့" ၁၈ ဖွဲ့ကို ကြိုတင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အပါအဝင် လွှတ်တော်အသီးသီး၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ပါကြောင်း၊ ဥပဒေပြုရေးဆိုသည်မှာ လိုအပ်သည့်ဥပဒေများကို အသစ်ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများကို ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်သင့်ပါက ပယ်ဖျက်ခြင်း စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို နှံ့နှံ့စပ်စပ် သိရှိနားလည်ထားရန်လိုအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ယခု ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်းတွင် ဥပဒေများပြဋ္ဌာန်းခြင်း၊ နိုင်ငံတော်၏လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လွှတ်တော်မှ သဘောတူအတည်ပြုခြင်းကိစ္စရပ်များ၊ နိုင်ငံရေးဖြစ်စဉ်တိုးတက်ဖြစ်ပေါ်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုများပေးပို့နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း မိမိတို့၏ မဲဆန္ဒနယ်မြေများကို သွားရောက်ပြီး ပြည်သူများ၏အသံကို နားထောင်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ဆန္ဒနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် မိမိတို့မဲဆန္ဒနယ်က ပြည်သူများ၏ဘဝ တိုးတက်မြင့်မားစေရေးအတွက် တတ်နိုင်သမျှ ကြိုးစားဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသအသီးသီးကိုပြန်ကြမည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝပြီး ဘေးမသီရန်မခဘဲ လိုရာခရီးသို့ရောက်ရှိကြပါစေ၊ ပြည်သူ့အကျိုးစီးပွားကို ပြည်သူများနှင့်အတူ လက်တွဲညီညီဆောင်ရွက်ပေးနိုင်ကြပြီး လာမည့် တတိယပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဒုတိယပုံမှန်အစည်းအဝေးအတွက် နိဂုံးချုပ် နှုတ်ဆက်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပပြီးစီးပြီဖြစ်ကြောင်းနှင့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်ပြီးမြောက်ကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၃/ ၂၀၂၅)ကို စီရင်ချက်(အမိန့်)ချမှတ်

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းအောင်ကျော်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် အဖွဲ့ဝင် ဦးမျိုးမောင်နှင့် အဖွဲ့ဝင် ဦးကြည်သိန်းတို့ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၅)သည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဒေါ်အေးမြမြစိုးအပေါ် ယင်းမဲဆန္ဒနယ်မှယှဉ်ပြိုင်အရွေးခံသူ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသန့်ဇင်ဝင်းက ၂၀၂၆ ခုနှစ် မတ် ၁၂ ရက်တွင် တင်သွင်းလျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၃/၂၀၂၅)အား ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က)(၁)အရ ကြားနာစစ်ဆေးခဲ့သည်။

ထိုသို့ ရွေးကောက်ပွဲခုံအဖွဲ့(၅)က ကြားနာစစ်ဆေးပြီးနောက် လျှောက်ထားခံရသူ ဒေါ်အေးမြမြစိုးသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဖြစ်ကြောင်းနှင့် တရားစရိတ်ငွေကျပ် နှစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူအားပေးစေရန် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

လျှောက်ထားသူ ဦးသန့်ဇင်ဝင်းက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၂၄ နှင့်အညီ သတ်မှတ်ကာလအတွင်း အယူခံမှုတင်သွင်းခြင်းမရှိသဖြင့် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာနိုင်ရန်အတွက် ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းရာတွင် ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်းမကြီး ဗိုလ်ချုပ်လမ်းထောင့် ရပ်ကွက်ကြီး(၄)ရှိ ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစုကုန်ပဒေသာနှင့် အရောင်းဆိုင်၊ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် GEC အရောင်းဆိုင် ဖွင့်လှစ်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ရပ်ကွက်ကြီး(၆)ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြေနေရာတည်ရှိမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ တာဝန်ရှိသူများကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်စဉ် ဓာတ်အား ယာယီပြတ်တောက်မည်

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကေဗွီ ၂၃၀ ပင်မ(၁) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ် ဆောင်ရွက်သွားမည်ဖြစ်ရာ ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ရွှေနံ့သာရပ်ကွက်နှင့် ကျေးရွာစုစုပေါင်း ၅၁ ရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ရေးယာများရှိ ဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# သာကေတမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေးစီမံချက်အရ မီတာများကို ဓာတ်တိုင်ပေါ်မှ ဓာတ်အားသုံးသူ၏ အဆောက်အအုံဥပစာသို့ ပြောင်းရွှေ့သည့်လုပ်ငန်း ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေး စီမံချက်အရ အိမ်သုံးမီတာများကို ဓာတ်တိုင်ပေါ်မှ ဓာတ်အားသုံးသူ၏ အဆောက်အအုံ ဥပစာသို့ ပြောင်းရွှေ့သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဓာတ်အားပျောက်ဆုံးမှုအများဆုံး ငါးမြို့နယ်တွင်ပါဝင်သည့် သာကေတမြို့နယ် ရပ်ကွက် ၁၉ ခုအတွင်းရှိ ဓာတ်တိုင်ပေါ်တွင် တပ်ဆင်ထားသော မီတာများကို ဓာတ်အားသုံးသူ ဥပစာတိုက်လှေကားခွင်များသို့ ပြောင်းရွှေ့တပ်ဆင်သည့်လုပ်ငန်းများကို အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးကြီးကြပ်မှုဖြင့်ဝန်ထမ်းအဖွဲ့ ၁၂ ဖွဲ့ အင်အားစုဖွဲ့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သာကေတမြို့နယ်တွင် ဓာတ်တိုင်အောက်သို့ ရွှေ့ပြောင်းတပ်ဆင်ရမည့် အိမ်သုံးမီတာ ၄၅၄၇ လုံး ရှိသည့်အနက် ဇူလိုင် ၁၆ ရက်မှ ၃၀ ရက်ထိ ၁၂၉ လုံး ပြောင်းရွှေ့တပ်ဆင်ပြီးစီးနေမှုအခြေအနေ၊ လုပ်ငန်းများအားလုံး ဩဂုတ် ၃၁ ရက်တွင် အပြီးဆောင်ရွက်သွားမည့် အစီအစဉ်နှင့် Smart Digital Meter အသစ်များ တစ်ပါတည်းလဲလှယ်သွားမည့် အစီအစဉ်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ
# တစ်သက်တာစာပေဆုကို ဆရာကြီး ဦးဖေငြိမ်း(ကျော်စောဟန်)၊ ဆရာကြီး ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)တို့ ရရှိ

**ရန်ကုန် ဇူလိုင် ၃၁**

ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၃၂ ကြိမ်မြောက်အတွက် ပခုက္ကူစာပေ တစ်သက်တာဆုနှင့် ပခုက္ကူစာပေဆုရရှိသူများ၏အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက စိစစ်ရွေးချယ်ခဲ့သည်။

ပခုက္ကူစာပေ တစ်သက်တာဆုကို ဆရာကြီး ဦးဖေငြိမ်း (ကျော်စောဟန်)နှင့် ဆရာကြီး ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)တို့က ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ရွှေညာသားမြတ်မင်း၏ "နှလုံးသားထက်မှ အချစ်အက္ခရာ"၊ ဒုတိယဆုကို တက္ကသိုလ်မင်းမင်းလတ် ရေးသားသည့် "ဤမြေသည်သာ"၊ တတိယဆုကို ကျော်တေဇ (ဥက္ကလာ)ရေးသားသည့် "အဖြူရောင်ပိတ်လွှာလေးပေါ် စွန်းထင်းခဲ့သော မျက်ရည်တစ်စက်" စာမူတို့ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို အထွန်း(တမာမြေ)ရေးသားသည့် "ရေးကထက် ပိုလို့ချစ်ကြသည်နှင့် အခြားဝတ္ထုတိုများ"၊ ဒုတိယဆုကို စံဝင်းအောင်(မြန်အောင်) ရေးသားသည့် "မှတ်ကျောက်တင် နှလုံးသားနှင့် အခြားဝတ္ထုတိုများ"၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ခင်ဖုန်းကြည်(မိုင်းပွန်) ရေးသားသည့် "ဂုဏ်အင်မဟာစုံလင်စွာ ကဗျာများ"၊ ဒုတိယဆုကို ရွှေမင်းသား (စစ်ကိုင်း) ရေးသားသည့် "မွေးမြစ်စုံလင်-စာရင်ပြင်နှင့် အခြားကဗျာများ"၊ တတိယဆုကို ကိုရွှေတောသား(ဆင်ကူး) ရေးသားသည့် "လှပရွှေပြည်ကဗျာများ" စာမူတို့က လည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို ကြည်ထွန်း(လူမှု) ရေးသားသည့် "သားစဉ်မြေးဆက်ထမ်းရွက်ရမည့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှု အစဉ်အလာ"၊ ဒုတိယဆုကို လွင်မြန်မာ (မန်းတက္ကသိုလ်) ရေးသားသည့် "ချောင်းကဗျာအညွှန်း"၊ တတိယဆုကို စောပုလဲမယ် ရေးသားသည့် "သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ အုတ်တိုက်စေတီများ" စာမူတို့က လည်းကောင်း အသီးသီးရရှိကြသည်။

ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုကို မောင်မိုးရေးသားသည့် "သမုဒ္ဒရာအသီးသီး ပင်လယ်အသွယ်သွယ်တို့နှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိသည့် ပထဝီနိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ ဆောင်းပါးများ" စာအုပ်နှင့် မြကြာငုံ ရေးသားသည့် "နှလုံးသားထဲက မြရတနာ" စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မမေရီဖြူစင် (ပထမနှစ်-ဂီတပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်တင်လင်းနိုင် (ပထမနှစ်-ပန်းချီပညာဌာန)တို့က ရရှိကြသည်။

ပခုက္ကူ ဦးအုံးဖေ တစ်သက်တာဆုကို ငွေကျပ် ၁၅ သိန်းချီးမြှင့်မည်ဖြစ်ပြီး ပခုက္ကူ ဦးအုံးဖေစာမူဆု ပထမဆုကို ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငွေကျပ် ခုနစ်သိန်း၊ တတိယဆုကို ငွေကျပ် ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပခုက္ကူစာပေဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ စီမံရေးရာဌာန ဖုန်း ၀၁၈-၃၈၀၄၄၉၊ ၀၉၄၀၂၈၂၂၄၉၄ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့် အချိန်၊ နေရာ၊ နေ့ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုကုန်ထုတ်လုပ်မှုကွန်ရက် စီမံကိန်းဆောင်ရွက်မည်

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီးရှိ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ကွင်းဆက်များဖြစ်သည့် တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုသည် သိုလှောင်မှု၊ အခြေခံမှု၊ ကြိတ်ခွဲထုတ်လုပ်မှု၊ Value added များ ထုတ်လုပ်မှု၊ အရန်ရိက္ခာထားရှိမှု၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးလုပ်ငန်းအသွင်ပြောင်းလဲမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်မှုနှင့် နိုင်ငံတကာအဆင့်မီကုန်သွယ်မှု စသည့်လုပ်ငန်းစဉ်များကို စုဝေးတည်ရှိသည့် Cluster Model လယ်ယာစီးပွားရေးဇုန်တစ်ခုအဖြစ် ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုကုန်ထုတ်လုပ်မှုကွန်ရက် (Mandalay Agri Industrial Network–MAIN)စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လာရောက်ရှင်းလင်းတင်ပြခဲ့သည်။



ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၃၉ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၃၉ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ သန္တိသုခဓမ္မာရုံ၌ပြုလုပ်ရာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော် ဝိနယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက မြစေတီစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြစေတီစာသင်တိုက်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

| | | |
|---|---|---|
| ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း | ၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)<br>၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)<br>၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm) | ၄။ Myawady Webportal (https://myawady.net.mm)<br>၅။ Myanmar National Portal (https://myanmar.gov.mm) |

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး မန္တလေးတပ်နယ်ကိုယ်စားပြုအသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မန္တလေးတပ်နယ်ကိုယ်စားပြု အမျိုးသား ဘော်လီဘောအသင်းနှင့် မိတ္ထီလာတပ်နယ်ကိုယ်စားပြု အမျိုးသား ဘော်လီဘောအသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်းဆုရရှိသော မန္တလေးတပ်နယ်ကိုယ်စားပြု အမျိုးသား ဘော်လီဘောအသင်းနှင့် အမျိုးသမီး ဘော်လီဘောအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင် အသင်း ၁၀ သင်းတို့ဖြင့် အုပ်စုနှစ်စုစီခွဲကာ ဇူလိုင် ၂၂ ရက်နေ့မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နိုင်ငံ့သားကောင်းရတနာများကို အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)သို့တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။


ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။


အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။


အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

☆ **ကျောဖုံးမှအဆက်**

မန္တလေး-မြစ်ကြီးနား လမ်းပိုင်း၏ မြစ်ကြီးနား-မိုးညှင်းခရီးစဉ်ကို ဇူလိုင် ၂၁ ရက်တွင် ဒီဇယ်လျှပ်စစ်ရထားများဖြင့်လည်းကောင်း ပြန်လည်ပြေးဆွဲနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သည့် ရန်ကုန်-ပြည် ရထားလမ်းပိုင်း၌ အမှတ်(၇၃) အဆန်၊ အမှတ်(၇၄)အစုန်ရထားအား DEMU ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံတွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အမှာစကားပြောကြားစဉ် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် ပထမဆုံးရထားပြေးဆွဲခဲ့သည့် ရထားလမ်းပိုင်းဖြစ်သောကြောင့် ထူးခြားဂုဏ်ယူဖွယ်ရာ ကောင်းသောနေ့တစ်နေ့ဖြစ်သည်။ မြန်မာ့မီးရထားလုပ်ငန်းသည် မဟာဗျူဟာအရ အရေးကြီးသော Public Transportation လုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များ တိုးချဲ့ပြီး ဈေးနှုန်းသက်သာစွာဖြင့် ပို့ဆောင်နိုင်ရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းများ၊ ကားလမ်းများ၊ တံတားများနှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ပြုပြင်ခြင်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရန် အလေးအနက်ထား လမ်းညွှန်မှုပြုထားသည်။

နံနက် ၄ နာရီ မိနစ် ၄၀ တွင် အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာပြီး ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှု မှတ်တမ်း Video ကို ပြသသည်။

ထို့ပြင် ရန်ကုန်-ပြည်ခရီးစဉ်အဖြစ် စတင်ပြေးဆွဲမည့် အမှတ်(၇၃)အဆန် ခေတ်မီ DEMU ရထားတွဲဆိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ စတင်ထွက်ခွာမည့် စက်ခေါင်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ ရထားပေါ်တွင် လိုက်ပါလာသည့် ခရီးသွားပြည်သူများကို အမှတ်တရ လက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်ကာ နံနက် ၅ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးမှ ပြည်သို့ထွက်ခွာမည့် အမှတ်(၇၃)အဆန် DEMU ရထားအား ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ ရထားထွက်ခွာခွင့်ကို ခွင့်ပြုပေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့်အဖွဲ့က ပြည်အထိ ခရီးသွားမိဘပြည်သူများနှင့်အတူ လိုက်ပါစီးနင်းခဲ့ပြီး ရထားခရီးစဉ်တစ်လျှောက် ရပ်နားသည့်ဘူတာများတွင် ပြည်သူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ပြည်ဘူတာသို့ရောက်ရှိကြပြီး ပြည်ဘူတာအမှတ်(၁)စင်္ကြံတွင် အမှတ်(၇၄)အစုန် ပြည်-ရန်ကုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားကိုကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်သို့စီးနင်းလိုက်ပါမည့် ခရီးသည်များကို လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယနေ့မှစတင်ပြေးဆွဲခဲ့သည့် ရန်ကုန်-ပြည်-ရန်ကုန် DEMU ရထားများသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် နံနက် ၅ နာရီခွဲတွင်ထွက်ခွာ၍ ပြည်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ပြည်ဘူတာမှ မွန်းလွဲ ၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကာ စုစုပေါင်း ပြေးဆွဲချိန်မှာ ခြောက်နာရီခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း၊ ရန်ကုန်-ပြည်-ရန်ကုန်ကို နေ့ချင်းပြန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့် ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

❑ **လေးမျက်နှာမြို့နယ်မှ**

သခွတ်ချောင်းကျေးရွာအုပ်စု မြစ်ကျိုး၀ ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီး ၀န်မြစ်ရေကာတာ မိုင်တိုင်အမှတ်(၂၅/၃) နေရာ၌ အလျား ပေ၂၀ ခန့်၊ အမြင့် လေးပေခန့်နိမ့်ကျကာ ရေကာတာမှာကျိုးပေါက်မှုဖြစ်ပွားခဲ့သဖြင့် လေးမျက်နှာမြို့ပေါ် အမှတ်(၄)၊ (၅)ရပ်ကွက်များနှင့် မြို့တွင်းလမ်းမကြီးများပေါ်သို့ ရေအမြင့် နှစ်ပေခန့်နှင့် အချို့နေရာများတွင် ငါးပေခန့် ရေ၀င်ရောက်မှုဖြစ်ပွားခဲ့ပြီး ရပ်ကွက်များရှိ လူနေအိမ်များအတွင်းသို့ ရေ၀င်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၀င်များ၊ မီးသတ်တပ်ဖွဲ့၀င်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာ၀န်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့် ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

■ **မိုးထစ်ချုန်းရွာမည်မှ**

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာ၀ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




● **ဖမ်းဆီးရမိမှ**

ဇူလိုင် ၂၈ ရက် ည ၇ နာရီခွဲတွင် အမရပူရမြို့နယ် ဆင်ဘိုးကျေးရွာအုပ်စု မင်းတည်းကုန်းရွာအနီး မြစ်ငယ်-ထုံးဘို သွားလမ်းတွင် နောင်ချိုမြို့နယ် မယ်ဟုန်ရွာနေ မြင့်ဦး ၃၂ နှစ်၊ ကျောက်ဆည်မြို့ တံစိုးဂိတ်ရပ်ကွက်နေ မျိုးဇော်ဦး ခေါ် သာကျော် ၃၆ နှစ်၊ ကျောက်ဆည်မြို့နယ် ရမန်းရွာနေ ရဲထွန်း ၃၈ နှစ်နှင့် ပြင်ဦးလွင်မြို့နယ် ပြင်ကြီးရွာနေ မောင်၀င်း ၅၂ နှစ်တို့ကို ဆိုင်ကယ် လေးစီးနှင့် အတူတွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဆိုင်ကယ်များပေါ်တွင် တင်ဆောင်ထားသော ၎င်းတို့လေးဦးသယ်ဆောင်လာသည့် ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၄၄၀၀)ကို ဖမ်းဆီးရမိသဖြင့် မြင့်ဦး၊ မျိုးဇော်ဦး ခေါ် သာကျော်၊ ရဲထွန်းနှင့် မောင်၀င်းတို့လေးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့၀င်များပါ၀င်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလောမြို့နယ် လွယ်အံကျေးရွာအုပ်စု ကျောက်တန်းရွာနေ စိန်ညွန့် ခေါ် သန်းထွန်း ၆၁ နှစ်၏ နေအိမ်ကို ၀င်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၂၂၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၁ သိန်း)နှင့် ဘိန်းဆီခဲ ၁ ဒသမ ၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၉ ဒသမ ၅ သိန်း)ကို ဖမ်းဆီးရမိသဖြင့် စိန်ညွန့် ခေါ် သန်းထွန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒီဇယ်ဆီတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်၀န်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်၀င်ငွေခွန် (နှစ်ရာခိုင်နှုန်း)တို့ကို ၁-၄-၂၀၂၆ ရက်မှ ၃၁-၇-၂၀၂၆ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၈-၂၀၂၆ ရက်မှ ၃၁-၈-၂၀၂၆ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၈-၂၀၂၆ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံး၀င်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်၀န်ကြီးဌာန

## ဓာတ်မြေဩဇာများတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်၀င်ငွေခွန်( နှစ်ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၆ ရက်မှ ၃၁-၇-၂၀၂၆ ရက်ထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၈-၂၀၂၆ ရက်မှ ၃၁-၈-၂၀၂၆ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၈-၂၀၂၆ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံး၀င်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်၀န်ကြီးဌာန

## သဘာ၀ဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုသွားမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာ၀ဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာ၀ဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်၀င်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်မှ ၃၁-၇-၂၀၂၆ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၈-၂၀၂၆ ရက်မှ ၃၁-၈-၂၀၂၆ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၈-၂၀၂၆ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာ၀ဓာတ်ငွေ့ရည်အပေါ် အကျုံး၀င်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်၀န်ကြီးဌာန

❍ **လျှပ်စစ်ဓာတ်အားမှ**

လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ရွှေ့ပြောင်းစီမံကိန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလ၀ါဥယျာဉ်မြို့တော်ရှိ Residential and Commercial Area အကွက် (၄)၊ Thilawa Property Development Limited ၌ ကျင်းပခဲ့သည်။

အဆိုပါ ရွှေ့ပြောင်းစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၀န်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်အမှာစကား ပြောကြားပြီး တာ၀န်ရှိသူများနှင့်အတူ ရွှေ့ပြောင်းစီမံကိန်းကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် သီလ၀ါအထူးစီးပွားရေးဇုန်(SEZ) စီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေးခန်းမ၌ သီလ၀ါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာ၀န်ရှိသူများနှင့်တွေ့ဆုံကာ သီလ၀ါအထူးစီးပွားရေးဇုန်(SEZ)၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ဇွဲထက်ကို(ပြန်/ဆက်)



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သမားများယာယီစိုးမိုးထားသည့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းအား ဖွင့်လှစ်ပြီး ရန်တိုင်းအောင်ရွာတွင် လက်ချင်းချိတ်ပေါင်းဆုံနိုင်ခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကလေး-တမူးလမ်းကြောင်းတစ်လျှောက်တွင် ဆက်ကြေးကောက်ခံသည့်ဂိတ်များပြုလုပ်၍ စစ်စခန်းအဖြစ်အသုံးပြုထားမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများအား ပြန်လည်သိမ်းပိုက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်၊ ခဲယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိမှုကို တွေ့ရစဉ်။



ကလေး-တမူးလမ်းကြောင်းရှိ ခါမ်းပါတ်တံတား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။



ကလေး-တမူးလမ်းကြောင်းရှိ နန်းမွတ်တားတံတား ပြန်လည်ပြုပြင်ထားရှိမှုကို တွေ့ရစဉ်။



ကလေး-တမူးလမ်းကြောင်းရှိ ၅၅ မိုင်တံတား ပြန်လည်ပြုပြင်ထားရှိမှုကို တွေ့ရစဉ်။



ကလေး-တမူးလမ်းကြောင်းရှိ တွီဘန်တံတား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

**❖ ကလေး-တမူးလမ်းကြောင်းမှ**

ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ကိုလည်းကောင်း အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်သည့်အတွက် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းကြီးကို အလုံးစုံပြန်လည်အသုံးပြု သွားလာနိုင်တော့မည်ဖြစ်သည်။

အဆိုပါ ကလေး- တမူးလမ်းကြောင်းနှင့် ကလေးဝ-ယာကြီး-မုံရွာလမ်းကြောင်းများသည် မြန်မာနိုင်ငံအနောက်မြောက်ဘက်ဒေသကို အိန္ဒိယနိုင်ငံနှင့် ချိတ်ဆက်ပေးသည့် အရေးပါသောကုန်းလမ်း ဆက်သွယ်ရေး လမ်းကြောင်းများဖြစ်ပြီး ဒေသတွင်း သယ်ယူပို့ဆောင်ရေးသာမက နယ်စပ်ကုန်သွယ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာချိတ်ဆက်ဆောင်ရွက်မှုတို့အတွက် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သော လမ်းကြောင်းများဖြစ်သည်။ အဆိုပါလမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်စည်များကို ပြည်ပနိုင်ငံများသို့ ပို့ဆောင်ခြင်းနှင့်ပြည်ပနိုင်ငံများမှ ကုန်စည်များကိုလည်း မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်တင်သွင်းခြင်းများကို လုပ်ဆောင်လျက်ရှိပြီး ဒေသခံပြည်သူများ၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူ ဖြစ်စေရုံသာမက လမ်းကြောင်း၏ တည်ရှိမှုသည်ခရီးသွားလာရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း အကျိုးပြုသည့် လမ်းကြောင်းတစ်ခုဖြစ်သည်။

ထိုသို့ ဒေသအဆင့်သာမက နိုင်ငံအဆင့်စီးပွားရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်အရေးပါသည့် ကလေးဝ-ယာကြီး-မုံရွာလမ်းကြောင်းနှင့် ကလေး-တမူး လမ်းကြောင်းများကို NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏စေခိုင်းမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ၂၀၂၄ ခုနှစ်မှစတင်၍ ယာယီစိုးမိုးပိတ်ဆို့ကာ အဆိုပါလမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များကို ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြရာ ကုန်စည်သယ်ယူပို့ဆောင်ရေးများနှောင့်နှေး၍ နယ်စပ်ကုန်သွယ်ရေး လျော့ကျလာပြီး ဒေသတွင်းစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် ခရီးသွားလာမှု ကန့်သတ်ချက်များနှင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ လမ်းကြောင်းပိတ်ဆို့မှုများကြောင့် အဆိုပါဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးအခက်အခဲများ၊ ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတွင်အဟန့်အတားများဖြစ်ပေါ်မှုနှင့် စီးပွားရေးကျဆင်းလာမှုတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တဖြည်းဖြည်းကျဆင်းလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများက ယာယီစိုးမိုးထားသော ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းနှင့် ဆက်စပ်နေသည့် ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းတစ်လျှောက်ကို ဦးစွာပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်စုဖွဲ့ပြင်ဆင်မှုများဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဇူလိုင် ၇ ရက်တွင် အဆိုပါလမ်းပိုင်းကို အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သမားများယာယီစိုးမိုးထားသော ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရန်ကျန်ရှိနေသေးသည့် ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းနှင့် အဆိုပါဒေသများကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်မှစပြီး ဟန်ချက်ညီညီ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ဇွန် ၁၀ ရက်တွင် နန်းမွတ်တားကျေးရွာနှင့် ရန်လင်းဖိုင်ကျေးရွာတို့ကို သိမ်းပိုက်ရရှိခဲ့ပြီး ရန်လင်းဖိုင်ကျေးရွာနှင့်အဆိုပါဒေသတစ်ဝိုက်တွင် အထောက်အကူပြုဖြတ်တောက်ပိတ်ဆို့၍ ရန်သူကို ရင်ဆိုင်ထိန်းချုပ်ထားခဲ့သည်။ ကလေးမြို့မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည်လည်း ဇွန် ၁၀ ရက်တွင် အရှေ့ခုံသာကျေးရွာ၊ ၅၆ မိုင် ကျေးရွာ၊ ၅၅ မိုင်ကျေးရွာတို့ကိုလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်မျဉ်းအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့် အခိုင်အမာတည်ဆောက်ထားသောစခန်းကိုလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ရာဇဖြိုဟ်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၄ ရက်တွင် ရာဇဖြိုဟ်ရေလှောင်တမံကိုလည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ရန်မျိုးအောင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၉ ရက်တွင် ခွန်နိုင်းကျေးရွာနှင့် နန်းခေါက်ခေါက်ကျေးရွာတို့ကိုလည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ခါမ်းပါတ်မြို့ကိုလည်းကောင်း၊ ဇွန် ၃၀ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာအနီး ရန်သူ့စခန်းနေရာတစ်ခုနှင့် ခါမ်းပါတ်မြို့မြောက်ဘက်ရှိ ကနန်ကျေးရွာကိုလည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် ကမ္ဘကြီး(ချင်း)နှင့် ကမ္ဘကြီး(ဗမာ)ကျေးရွာများကိုလည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် ထင်းဇင်ရွာသစ်နှင့် ရွာဟောင်းတို့ကိုလည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် ဘုတ်ကန်ကျေးရွာကိုလည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် နှစ်ဖက်စစ်ကြောင်းများသည် ဝိတုတ်ကျေးရွာ၊ တီးတိန်ယံကျေးရွာ၊ ရန်တိုင်းအောင်ကျေးရွာနှင့် တွီဘန်ကျေးရွာတို့ကိုလည်းကောင်း အဆင့်ဆင့်ပြန်လည်ထိန်းချုပ် သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့်

**စာမျက်နှာ ၂၈ သို့**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ဖြစ်သည့် အမျိုးသမီးအသင်း ပုဗ္ဗသီရိတပ်နယ်(က) အသင်းနှင့် ပုဗ္ဗသီရိတပ်နယ်(ခ)အသင်း၊ အမျိုးသားအသင်း ပုဗ္ဗသီရိတပ်နယ်(က) အသင်းနှင့် ပုဗ္ဗသီရိတပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ အကောင်းဆုံးကစားသမားဆု ရရှိသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ဒိုင်းဆုရရှိသည့် ပုဗ္ဗသီရိတပ်နယ်(က)ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီး အသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင် ၂၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



## ၃၁-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စားသုံးကုန်စည်၊ ဟင်းသီးဟင်းရွက်မျိုးစေ့တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၆,၃၅၁,၄၆၀.၃၂ | ၃,၆၇၂,၁၂၈.၅၉ | ၈,၆၂၅,၈၇၄.၄၈ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

## စစ်တောင်း၊ ဝေါန်မြစ်ရေနှင့် မယ်ဆိုင်ချောင်းရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၃၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် သုံးလက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း တစ်ပေခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

စာမျက်နှာ ၂၇ မှအဆက်

ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြပြီး နှစ်ဖက်စစ်ကြောင်းများအနေဖြင့် ယနေ့တွင် ရန်တိုင်းအောင်ကျေးရွာ၌ လက်ချင်းချိတ်ဆက်နိုင်ခဲ့၍ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် အိန္ဒိယ - မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့် မုံရွာ-ယာကြီး-ကလေးဝ-ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ကို အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ပြီဖြစ်သည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သော တမူးမြို့မှတစ်ဆင့် ကလေး၊ မုံရွာမြို့နှင့် မန္တလေးမြို့ထိ စိတ်အေးချမ်းသာလုံခြုံစွာဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ပြီး အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြု သွားလာနိုင်တော့မည်ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ အခက်အခဲအမျိုးမျိုးကြားမှ ရှုပ်ရှုပ်ချွံချွံဖြင့် အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် စုစုပေါင်း ၇၈ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အလောင်းများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ခါမ်းပါတ်မြို့အပါအဝင် အဆိုပါ လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများကို ယာယီစိုးမိုးထားစဉ်အတွင်း အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နန်းမွတ်တားတံတား၊ ၅၅ မိုင်တံတား၊ ခါမ်းပါတ်မြို့အတွင်းရှိ တံတား၊ တွီဘန်တံတားအပါအဝင် လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ရာဇဂြိုဟ်ရေလှောင်တမံရှိ ရေထိန်းတံခါးများကို ဖျက်ဆီးခဲ့သဖြင့် ပတ်ဝန်းကျင်ကျေးရွာနေပြည်သူများ လျှပ်စစ်မီးမရရှိခြင်း၊ သောက်သုံးရေဖူလုံစွာမရရှိခြင်းနှင့် စိုက်ပျိုးရေဖူလုံစွာ မရရှိခဲ့သဖြင့် အခက်အခဲများများစွာဖြစ်ပေါ်ခဲ့ရသည်။ ထို့ပြင် လမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များကို ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများကို လုယက်ယူဆောင်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့်အတွက် ဒေသခံပြည်သူများသည် ကုန်စည်များကိုဈေးနှုန်းကြီးမြင့်စွာဝယ်ယူခဲ့ကြရပြီး ဆင်းရဲမှုဒဏ်ကို ခါးသီးစွာခံစားနေကြရသော်လည်း အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် အဆိုပါဒေသမှထွက်ရှိသည့် မြေပေါ်၊ မြေအောက် သယံဇာတများ၊ နိုင်ငံတော်က ကန့်သတ်ထားသည့် ကုန်စည်များကို ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်သယ်ယူပို့ဆောင်ခြင်းများမှ အကျိုးအမြတ်များစွာ ရရှိလျက်ရှိသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထုအတွက် ငဲ့ကွက်ခြင်းမရှိဘဲ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် မြို့ရွာများတွင် တိုက်ပွဲများဖော်ဆောင်ကာ ပြည်သူလူထု၏နေအိမ်များ၊ စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ခန်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်း သဲအိတ်များစီ၍ ဘန်ကာများပြုလုပ်ထားခြင်း၊ မြို့ရွာများအတွင်း မိုင်းများထောင်ခြင်း၊ ခြံဝင်းများအတွင်း ခံစစ်ပစ်ကျင်းများတူးဖော်၍ အခိုင်အမာခံစစ်ဆင်ကာ စစ်စခန်းများအဖြစ် အသုံးပြုခဲ့သည့်အတွက် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့်ကဏ္ဍစုံတွင် အဘက်ဘက်မှ နိမ့်ကျခဲ့ရပြီး အကြမ်းဖက် သောင်းကျန်းသူများ၏ ရက်စက်ယုတ်မာမှုများကို ပြည်သူများအနေဖြင့် ခါးသီးစွာခံစားခဲ့ကြရသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းနှင့် ကလေးဝ-ယာကြီး-မုံရွာလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သော အစိုးရဌာနဆိုင်ရာ အဆောက်အအုံများ၊ဆည်တမံများ၊ လမ်း၊ တံတားများကို တပ်မတော်သားများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်မီးများရရှိရေး၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ထို့ပြင် အဆိုပါ လမ်းကြောင်းမှတစ်ဆင့် ဒေသတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကာ လူသုံးကုန်၊ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ အပြန်အလှန် ပြန်လည်စီးဆင်းနိုင်တော့မည် ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပြည်သူလူထု၏ခရီးသွားလာရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပြန်လည် ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများက နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် များစွာ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများရှိပြည်သူများ ၎င်းတို့၏ မြို့ရွာများတွင် အမြန်ဆုံးပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) ဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက် FATF ၏ Public Statement အပေါ် မြန်မာနိုင်ငံ၏သဘောထားထုတ်ပြန်ချက်

၁။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF)သည် ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ Public Statement တစ်စောင်ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်တွင် **မြန်မာနိုင်ငံသည် နိုင်ငံအဆင့်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး အမျိုးသားအဆင့်ကော်မတီတစ်ခုဖွဲ့စည်းခြင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းများအပါအဝင် အွန်လိုင်းလိမ်လည်မှုများနှင့် ဆိုက်ဘာအသုံးပြုလိမ်လည်မှုများ တိုက်ဖျက်ရေးလုပ်ငန်းအချို့ကို ဆောင်ရွက်ခဲ့သော်လည်း မြန်မာနိုင်ငံ၌ အွန်လိုင်းလိမ်လည်မှုများနှင့် ဆိုက်ဘာအသုံးပြုလိမ်လည်မှုများနှင့်ဆက်နွှယ်သည့် တရားမဝင်ငွေကြေးစီးဆင်းမှုအန္တရာယ်များ ကြီးမားကျယ်ပြန့်စွာဖြစ်ပေါ်နေသည်ကို FATF က သတိပြုမိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဆိုက်ဘာအသုံးပြုလိမ်လည်မှုများ၏ ခြိမ်းခြောက်မှုများနှင့်ဆက်နွှယ်သည့် တရားမဝင်ငွေကြေးစီးဆင်းမှုအန္တရာယ်များ တိုက်ဖျက်ရေးအတွက် သင့်လျော်သည့် အရေးယူမှုများဆောင်ရွက်ရန် FATF က မြန်မာနိုင်ငံကိုတောင်းဆိုပြီး ယင်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါတရားမဝင် ငွေကြေးစီးဆင်းမှုဆိုင်ရာ ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာတွင် မြန်မာနိုင်ငံသည် ရာဇဝတ်ဂိုဏ်းများမှ လူကုန်ကူးခံရသူများ၏ အကျိုးစီးပွားကို သေချာစွာထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း** တိုက်တွန်းထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ ဆိုက်ဘာနည်းပညာအသုံးပြု၍ ကျူးလွန်သောလိမ်လည်မှုများသည် ငွေကြေးခဝါချမှုများအပြင် ငွေကြေးစနစ်၏ ယုံကြည်စိတ်ချရမှုကိုထိခိုက်စေပြီး ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်သကဲ့သို့ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများအပေါ်လည်း ဆိုးကျိုးသက်ရောက်စေကြောင်းကို အပြည့်အဝအသိအမှတ်ပြုပါသည်။

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀ ပြည့်နှစ် မေ ၁၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၉/၂၀၂၀) ဖြင့် Cryptocurrency များကို တရားဝင်ငွေပေးချေမှုနည်းလမ်း (Legal Tender) အဖြစ် အသုံးပြုခြင်းမပြုရန် ကြေညာထားသကဲ့သို့ အွန်လိုင်းလိမ်လည်မှုများမှ တရားမဝင်ရရှိသော ငွေကြေးများကို cryptocurrency များအဖြစ် ပြောင်းလဲလွှဲပြောင်း၍ မြန်မာ့ငွေကြေးစနစ်အတွင်းသို့ ဝင်ရောက်ခြင်းမရှိကြောင်း စုံစမ်းစစ်ဆေးမှုများအရ ဖော်ထုတ်ရရှိပါသည်။ တရားမဝင်ငွေကြေးလွှဲပြောင်းမှုများသည်လည်း ပြည်ပရှိငွေကြေးစနစ်များကို အသုံးပြုလျက်ရှိသဖြင့် ဒေသတွင်းငွေကြေးဆိုင်ရာအန္တရာယ်များလျှော့ချရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို တိုက်ဖျက်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီဖွဲ့စည်းခြင်း၊ အမျိုးသားလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန (National Anti-Scam Centre – ASC) ဖွဲ့စည်းတည်ထောင်နိုင်ရေး ဆောင်ရွက်နေခြင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအသစ် ပြဋ္ဌာန်းခြင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် ဆိုက်ဘာအသုံးပြုလိမ်လည်မှုများ ကျူးလွန်သူများအပေါ် ကျယ်ကျယ်ပြန့်ပြန့်စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ နစ်နာခဲ့ရသူများ သို့မဟုတ် ဖော်ထုတ်ရရှိသည့် နိုင်ငံခြားသားနစ်နာသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊ တရားမဝင် ဝင်ရောက်လာသူနိုင်ငံခြားသားများကို ပြည်တွင်းဥပဒေအရ စိစစ်ဆောင်ရွက်ပြီးနောက် လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်း၊ အွန်လိုင်းလိမ်လည်မှုဌာနများ ထပ်မံမတည်ဆောက်နိုင်ရေး ၎င်းတို့၏အဆောက်အအုံအရင်းအမြစ်များနှင့် အီလက်ထရောနစ်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို တက်ကြွစွာကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အသိပေးလျက်ရှိသကဲ့သို့ နိုင်ငံတကာအစည်းအဝေးများတွင် တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၆။ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေးအပိုင်းတွင်လည်း ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေးယန္တရားများ၊ ဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ လေ့ကျင့်ရေးအစီအစဉ်များ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအကြား လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ အားကောင်းအောင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၇။ ထို့ပြင် မြန်မာနိုင်ငံသည် FATF ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်နှင့် FATF လုပ်ငန်းစဉ်အောက်ရှိ ကျန်ရှိနေသည့် Action Plan အချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် အခိုင်အမာကတိကဝတ်ပြုထားဆဲဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် FATF က မြန်မာနိုင်ငံကို High-Risk Jurisdictions subject to a Call for Action စာရင်းသို့ သတ်မှတ်ထည့်သွင်းခံရပြီးနောက် မြန်မာနိုင်ငံသည် Asia-Pacific Joint Group(APJG)သို့ ၁၇ ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာ(Progress Report)ကို တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ APJG ၏ မျက်နှာချင်းဆိုင်အစည်းအဝေးများနှင့် FATF မျက်နှာစုံညီအစည်းအဝေးများတွင် တက်ကြွစွာပါဝင်ခဲ့ကာ Action Plan အချက် ၁၅ ချက်အနက် ၁၃ ချက်ကို အောင်မြင်စွာပြီးစီးခဲ့ပြီး အချက် နှစ်ချက်သာ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိပါသည်။ အထက်ဖော်ပြပါတိုးတက်မှုများအပေါ် မြန်မာနိုင်ငံ၏အဆင့်မြင့်အစိုးရတာဝန်ရှိသူများက ကျန်ရှိသည့် Action Plan အချက်များကို ပြီးမြောက်စေရန် ခိုင်မာသော နိုင်ငံရေးကတိကဝတ်နှင့်ဆုံးဖြတ်ချက်ကို ဆက်လက်ပြသလျက်ရှိကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

၈။ UNODC ၏ **"Inflection Point: Global Implications of Scam Centers, Underground Banking and Illicit Online Marketplaces in Southeast Asia" (April 2025)** အစီရင်ခံစာအရ online scam ကွန်ရက်များသည် အရှေ့တောင်အာရှဒေသအတွင်း အုပ်ချုပ်ရေးအားနည်းသောနယ်မြေများကို အခွင့်ကောင်းယူ၍ ဖြန့်ကြက်လှုပ်ရှားလာခဲ့ကြောင်း၊ ယင်းလုပ်ငန်းများသည် မဲခေါင်ဒေသတစ်ဝန်းသာမက အာဖရိက၊ တောင်အမေရိက၊ ပစိဖိတ်နှင့် အရှေ့အလယ်ပိုင်းဒေသများထိ တိုးချဲ့ဖြစ်ပွားလျက်ရှိကြောင်း ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်လည်မှုများသည်လည်း ဖြန့်ကြက်လှုပ်ရှားလာသည့် online scam ကွန်ရက်များ၏ အစိတ်အပိုင်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၉။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားမှုအပေါ် ငွေကြေးထောက်ပံ့မှု၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဆိုက်ဘာအသုံးပြု၍ ကျူးလွန်သော လိမ်လည်မှုများကို တိုက်ဖျက်ရန် မပြောင်းလဲသော ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ မြန်မာနိုင်ငံသည် FATF အကြံပြုချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေမူဘောင်ကို ဆက်လက်အားကောင်းစေပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစွမ်းရည်များကို မြှင့်တင်ကာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာတိုးမြှင့်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိ၏ ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုများ၊ ရရှိခဲ့သည့်တိုးတက်မှုများနှင့် အခိုင်အမာပြသခဲ့သည့်နိုင်ငံရေးကတိကဝတ်များကို အနာဂတ်သုံးသပ်အကဲဖြတ်မှုများနှင့် ဆွေးနွေးမှုများတွင် ထည့်သွင်းအသိအမှတ်ပြုပေးရန် လေးစားစွာ တောင်းဆိုအပ်ပါသည်။

၁၀။ ထို့ပြင် နယ်စပ်ဖြတ်ကျော်ဖွဲ့စည်းထားသော ရာဇဝတ်ဂိုဏ်းများကြောင့် ထိခိုက်ခံစားနေရသော နိုင်ငံများအားလုံးအတွက် နည်းပညာအကူအညီ၊ သတင်းအချက်အလက်ဖလှယ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အထောက်အပံ့များကို နိုင်ငံတကာအသိုက်အဝန်းက ဆက်လက်ပံ့ပိုးပေးရန် မြန်မာနိုင်ငံက တိုက်တွန်းအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်နိုင်ငံတစ်နိုင်ငံတည်းကမျှ ဤစိန်ခေါ်မှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ကြောင်းကို အသိအမှတ်ပြုထားသောကြောင့်ဖြစ်ပါသည်။

၁၁။ မြန်မာနိုင်ငံသည် FATF၊ APG၊ Egmont Group နှင့် အခြားနိုင်ငံတကာမိတ်ဖက်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက် နိုင်ငံတကာဘဏ္ဍာရေးစနစ်၏ ယုံကြည်စိတ်ချရမှုကိုထိန်းသိမ်းကာ နယ်စပ်ဖြတ်ကျော်ဘဏ္ဍာရေးရာဇဝတ်မှုများကို ထိရောက်စွာတိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်**

**နေပြည်တော်။**

# မန္တလေး-ရန်ကုန်ခရီးစဉ် ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆)အစုန် DEMU ရထားတွဲဆိုင်းကို ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၃၁

မန္တလေး-ရန်ကုန်ခရီးစဉ် ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆) DEMU လူစီးအမြန်ရထားတွဲဆိုင်းကို ခဲဖြင့်ပေါက်သူ တရားခံ လယ်ဝေးမြို့နယ် ရန်ကင်းကျေးရွာနေ အောင်သက်ဦး ၁၅ နှစ် (ဘ)ဦးဝင်းဦးနှင့် ပြာသို ၁၄ နှစ် (ဘ)ဦးဝင်းကြိုင်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး လောနယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ၌ ပြေးဆွဲပေးလျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီ ၅၆ မိနစ်တွင် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU လူစီးအမြန်ရထားသည် လောနှင့် သာဝတ္ထိဘူတာကြား မိုင်တိုင်အမှတ် ၂၁၂/၂၀ နှင့် ၂၁ ကြား အရောက် ရထားပြေးဆွဲနေစဉ် ရထားလမ်းအရှေ့ဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်းပါ ပထမတန်းတွဲအမှတ်(၄)DEMU (F)1001 နောက်ဆုံးတွဲ၏ ဝဲဘက်အပေါ်ခြမ်း ကိုယ်ထည်ကိုထိမှန်၍ ဆေးပွန်းထိခိုက်မှုဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်ပွားရာနေရာသို့ရထားလိုက်လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်၍တရားခံကိုဖမ်းဆီးဆောင်ရွက်ခဲ့ရာ ခဲဖြင့်ပစ်ပေါက်သူ လယ်ဝေးမြို့နယ် ရန်ကင်းကျေးရွာနေ တရားခံ အောင်သက်ဦး ၁၅ နှစ် (ဘ)ဦးဝင်းဦးနှင့် ပြာသို ၁၄ နှစ် (ဘ)ဦးဝင်းကြိုင်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ လောနယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၁၂ မိနစ်





လောဘူတာနှင့် သာဝတ္ထိဘူတာကြား အမှတ်(၆) အစုန် DEMU ရထားကို ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ကိုယ်ထည် ဆေးပွန်းထိခိုက်မှုဖြစ်ပွားခဲ့ပုံ။

ဖြစ်ပေါ်ခဲ့ပြီး အခြားရထားကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ အခန်း ၁၈၊ ပုဒ်မ ၇၉(ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ ၈၄ အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ နှစ် ၂၀ ထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာရေးနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရ ကလပ်အသင်းများအကြောင်း

M L




ချန်ပီယံလိဂ်ပြိုင်ပွဲကိုတော့ ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ဦးဆောင်ကျင်းပလာခဲ့တာ လက်ရှိမှာ ၇၂ ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို စတင်ကျင်းပချိန်မှာတော့ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းနဲ့ကျင်းပခဲ့ရာကနေ ၁၉၉၈ ခုနှစ်မှာ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းထိ တိုးချဲ့ကျင်းပနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ အုပ်စုရှစ်စုနဲ့ ကျင်းပနေရာကနေ ၂၀၂၄ ခုနှစ်ကစလို့ ပြိုင်ပွဲဝင်အသင်း ၃၆ သင်းထိ တိုးမြှင့်ခဲ့ပြီး အမှတ်ပေးဇယားပုံစံနဲ့ ပြောင်းလဲကျင်းပခဲ့တာ ယနေ့ထိဖြစ်ပါတယ်။

**အဆင့်သတ်မှတ်ချက်နှင့် ဝင်ခွင့်ရအသင်းများ**

ချန်ပီယံလိဂ်ပြိုင်ပွဲကိုတော့ ဥရောပဇုန်က ယူအီးအက်ဖ်အေအဖွဲ့ဝင် ၅၅ နိုင်ငံပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ ဒီပြိုင်ပွဲမှာ ယူအီးအက်ဖ်အေက သတ်မှတ်ထားတဲ့ ဘောလုံးအဆင့်အတန်း အဆင့်(၁)ကနေ အဆင့်(၅)နေရာမှာရှိတဲ့ အင်္ဂလန်ပရီးမီးယားလိဂ်၊ အီတလီစီးရီးအေ၊ စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူးဝမ်းတို့က လေးသင်းစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာဖြစ်ပါတယ်။ အင်္ဂလန်ပရီးမီးယားလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ မန်ယူအသင်း၊ အေဗီလာအသင်း၊ လီဗာပူးအသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ အင်္ဂလန်ပရီးမီးယားလိဂ်ဟာ ပုံမှန်ဝင်ခွင့်လေးနေရာသာရနေပေမဲ့ ပြီးခဲ့တဲ့နှစ်မှာ ယူအီးအက်ဖ်အေပေးမှတ်အများဆုံးရခဲ့တာကြောင့် နောက်ထပ်တစ်သင်း ထပ်တိုးယှဉ်ပြိုင်ခွင့်ရလို့ ငါးသင်းထိ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် စပိန်လာလီဂါပြိုင်ပွဲကလဲ ပြီးခဲ့တဲ့နှစ်မှာ ယူအီးအက်ဖ်အေရဲ့ ပေးမှတ်ဒုတိယအများဆုံးရခဲ့တာကြောင့် ငါးသင်းထိပါဝင်ခွင့်ရခဲ့ပြီး ချန်ပီယံဆုရခဲ့တဲ့ ဘာစီလိုနာအသင်း၊ ဒုတိယနေရာက ရီးရဲလ်မက်ဒရစ်အသင်း၊ တတိယနေရာက ဗီလာရီးရဲလ်အသင်း၊ စတုတ္ထနေရာက အေတီကိုအသင်း၊ ပဉ္စမနေရာက ဘက်တစ်အသင်းတို့ ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။

အဲဒီနောက်မှာတော့ အီတလီစီးရီးအေအသင်းတွေဖြစ်တဲ့ အင်တာမီလန်အသင်း၊ နာပိုလီအသင်း၊ ရိုးမားအသင်းနဲ့ကိုမိုအသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါကလဲ လေးသင်းဝင်ခွင့်ရခဲ့ပြီး ချန်ပီယံဆုရခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်း၊ ဒေါ့မွန်အသင်း၊ လိုက်ပ်ဇစ်အသင်း၊ စတုဂတ်အသင်းတို့ဖြစ်ပြီး ပြင်သစ်လီဂူးကတော့ ချန်ပီယံဆုရခဲ့တဲ့ ပီအက်စ်ဂျီအသင်းနောက်မှာ လန်းစ်အသင်း၊ လိုင်လီအသင်းနဲ့ လိုင်ယွန်အသင်းတို့ဖြစ်ပြီး အဲဒီမှာ သုံးသင်းသာ တိုက်ရိုက်ဝင်ခွင့်ရမှာဖြစ်သလို လိုင်ယွန်အသင်းကတော့ ခြေစစ်ပွဲကစားရအုံးမှာဖြစ်ပါတယ်။ ယူအီးအက်ဖ်အေရဲ့ အဆင့်သတ်မှတ်ချက်(၆)မှာရှိတဲ့ နယ်သာလန်ကလပ်ကတော့သုံးသင်းပါဝင်ယှဉ်ပြိုင်ဝင်ခွင့်ရခဲ့ပြီး အဲဒီမှာ ချန်ပီယံ ပီအက်စ်ဗွီအသင်းနဲ့ ဒုတိယနေရာက ဖီရင်နူအသင်းတို့သာ တိုက်ရိုက်ကစားခွင့်ရပေမဲ့ တတိယနေရာက နီမီဂျန်အသင်းကတော့ ခြေစစ်ပွဲကစားရမှာဖြစ်ပါတယ်။ ယူအီးအက်ဖ်အေ အဆင့်(၇)ကနေ အဆင့်(၁၅)ထိ လိဂ်တွေဖြစ်တဲ့ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံ၊ ချက်၊ တူကီယဲ၊ နော်ဝေ၊ ဂရိ၊ ဩစတြီးယား၊ စကော့တလန်၊ ပိုလန်လိဂ်တို့ကတော့ ပါဝင်ကစားခွင့်နှစ်နေရာသာရရှိမှာဖြစ်ပြီး အဲဒီမှာ ချန်ပီယံဆုရတဲ့အသင်းတစ်သင်းသာ တိုက်ရိုက်ဝင်ခွင့်ရမှာဖြစ်သလို ဒုတိယနေရာကအသင်းတွေကတော့ ခြေစစ်ပွဲကစားရမှာကို တွေ့ရမှာပါ။ ယူအီးအက်ဖ်အေအဆင့်သတ်မှတ်ချက် အဆင့်(၁၆)ကနေ အဆင့်(၅၅)ထိ အသင်းကတော့ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာသာရရှိမှာဖြစ်ပြီး အဲဒီအသင်းတွေကလဲ ခြေစစ်ပွဲအဆင့်ကနေ ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲပထမအဆင့်ကနေ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ကလပ်အသင်း ၂၈ သင်းထိရှိနေပြီး ပထမအကျော့ပွဲစဉ်တွေကို ဇူလိုင် ၇ ရက်၊ ၈ ရက်နဲ့ ဒုတိယအကျော့ပွဲစဉ်တွေကို ဇူလိုင် ၁၄ ရက်နဲ့ ၁၅ ရက်မှာ ကျင်းပခဲ့တာကို တွေ့ရမှာပါ။ အဲဒီမှာ ကူးပက်၊ အီဘာရီယာ၊ လင်ကွန်း၊ ဗိုက်ကင်းဂါ၊ အာရာရတ်၊ ဆိုဖီယာ၊ ဆာဘတ်၊ ဇဲဂရစ်၊ လာနီ၊ ရှမ်းရော့၊ ယူနီဗာစီတက်တီး၊ ကလက်စဗစ်၊ အက်နာတီးယာ၊ အာမက်တီအသင်းတို့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒုတိယအဆင့်ခြေစစ်ပွဲကိုတော့ ဇွန် ၁၇ ရက်မှာ မဲခွဲခဲ့ပြီး ဇူလိုင် ၂၁ နဲ့ ၂၂ ရက်မှာ ပထမအကျော့ ဇူလိုင် ၂၈ ရက်နဲ့ ၂၉ ရက်မှာ ဒုတိယအကျော့ ကစားခဲ့တာကိုတွေ့ရမှာပါ။ ဒီအဆင့်မှာတော့ ယူအီးအက်ဖ်အေ အဆင့်သတ်မှတ်ချက် အဆင့်(၇)ကနေ အဆင့်(၁၅)ထိအသင်းတွေထဲက ကလပ်အသင်းတွေပါဝင်လာခဲ့ပြီး အဲဒီပြိုင်ပွဲမှာတော့ ဆာဘတ်၊ မက်ဂျာဘိုင်၊ ဒိုင်ဇာဂရက်၊ စီဂျလီ၊ စတမ်းဂရေ့ဇ်၊ အာရာရတ်၊ အာမက်တီ၊ ဇဲဂရစ်၊ အာဟတ်၊ ဟာပိုးရှီဗာ၊ ဆိုဖီယာ၊ ဇီဗက်တာ၊ ဖီနာဘာချီ၊ ဆလိုဗန်အသင်းတို့နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ခြေစစ်ပွဲတတိယအဆင့်ကိုတော့ ဇူလိုင် ၂၀ ရက်မှာ မဲခွဲမှုပြုလုပ်ခဲ့ပြီး ပထမအကျော့ပွဲစဉ်ကို ဩဂုတ် ၁၈ ရက်၊ ၁၉ ရက်နဲ့ ဒုတိယအကျော့ ပွဲစဉ်တွေကို ဩဂုတ် ၂၅ ရက်နဲ့ ၂၆ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ သက်ဆိုင်ရာလိဂ်ပြိုင်ပွဲမှာ အဆင့်(၄)ရခဲ့တဲ့ လိုင်ယွန်အသင်း၊ အဆင့်(၂)ရခဲ့တဲ့ ဘိုဒိုဂလင့်အသင်း၊ အဆင့်(၃)ရခဲ့တဲ့ နီမီဂျန်အသင်း၊ အဆင့်(၂)ရခဲ့တဲ့ အိုလီပီယာကို့စ်အသင်း၊ အဆင့်(၂)ရခဲ့တဲ့ စိန့်ဂျီလိုစီအသင်း၊ အဆင့်(၂)ရခဲ့တဲ့ စပါတာအသင်းတို့ပါဝင်လာခဲ့ပြီး ဒုတိယအဆင့်ကအနိုင်ရခဲ့တဲ့အသင်း ၁၄ သင်းနဲ့ကစားရမှာကိုတွေ့ရမှာပါ။

ခြေစစ်ပွဲတတိယအဆင့်မှာ အနိုင်ရတဲ့အသင်းတွေကတော့ Play-Off နောက်ဆုံးအဆင့်မှာ နော်ဝေကလပ် ဗိုက်ကင်းအသင်း၊ ဂရိကလပ် အေအီးကေအေအသင်း၊ ဩစတြီးယားကလပ် လက်လင့်အသင်း၊ စကော့တလန်ကလပ် ဆဲလ်တစ်အသင်းတို့နဲ့ ကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေကိုတော့ လာမဲ့ ဩဂုတ် ၁၈ ရက်နဲ့ ၁၉ ရက်မှာ ပထမအကျော့၊ ဩဂုတ် ၂၅ ရက်နဲ့ ၂၆ ရက်မှာ ဒုတိယအကျော့ပွဲစဉ်တွေကစားမှာကိုတွေ့ရမှာပါ။ Play-Off အဆင့်ပြီးရင်တော့ လာမဲ့ ဩဂုတ် ၂၇ ရက်မှာ ချန်ပီယံလိဂ်အုပ်စုအဆင့်မဲခွဲပွဲကို ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ အုပ်စုအဆင့်ပထမပွဲစဉ်ကိုတော့ စက်တင်ဘာ ၈ ရက်နဲ့ ၁၀ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ပွဲစဉ် (၂)ကို အောက်တိုဘာ ၁၃ ရက်နဲ့ ၁၄ ရက်၊ ပွဲစဉ် (၃) ကို အောက်တိုဘာ ၂၀ ရက်နဲ့ ၂၁ ရက်၊ ပွဲစဉ် (၄) ကို နိုဝင်ဘာ ၃ ရက်နဲ့ ၄ ရက်၊ ပွဲစဉ် (၅) ကို နိုဝင်ဘာ ၂၄ ရက်နဲ့ ၂၅ ရက်၊ ပွဲစဉ် (၆) ကို ဒီဇင်ဘာ ၈ ရက်နဲ့ ၉ ရက်၊ ပွဲစဉ်(၇)ကို ဇန်နဝါရီ ၁၉ ရက်နဲ့ ၂၀ ရက်၊ ပွဲစဉ် (၈) အုပ်စုနောက်ဆုံးပွဲစဉ်ကိုတော့ ဇန်နဝါရီ ၂၇ ရက်မှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီမှာ အမှတ်ပေးဇယား အဆင့်(၁)ကနေ အဆင့်(၈)ထိအသင်းတွေက ၁၆ သင်းရှုံးထွက်အဆင့်ကို တိုက်ရိုက်တက်ရောက်ခွင့်ရရှိမှာဖြစ်ပြီး အဆင့်(၉)ကနေ (၂၄)ထိ အသင်းတွေကတော့ Play-Off ထပ်မံကစားရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၂၅)ကနေ အဆင့်(၃၆)ထိ အသင်းတွေကတော့ ပြိုင်ပွဲကနေ ထွက်ခွာရမှာဖြစ်ပါတယ်။ Play-Off ကစားခွင့်ရပြီး အနိုင်ရတဲ့အသင်းတွေက ၁၆ သင်းအဆင့်ဝင်ရောက်ကစားခွင့်ရမှာကို တွေ့ရမှာပါ။

Play-Off အဆင့် ပထမအကျော့ပွဲစဉ်တွေကိုတော့ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နဲ့ ၁၇ ရက်၊ ဒုတိယအကျော့ပွဲစဉ်တွေကိုတော့ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်နဲ့ ၂၄ ရက်တို့မှာ ကစားသွားမှာကိုတွေ့ရမှာပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်ပထမအကျော့ကိုတော့ ၂၀၂၇ ခုနှစ် မတ် ၉ ရက်နဲ့ ၁၀ ရက်မှာ ပြုလုပ်မှာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်ကိုတော့ ၂၀၂၇ ခုနှစ် မတ် ၁၆ ရက်နဲ့ ၁၇ ရက်မှာ ကျင်းပသွားမှာကို တွေ့ရမှာပါ။ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကိုတော့ ပထမအကျော့ကို ၂၀၂၇ ခုနှစ် ဧပြီ ၆ ရက်နဲ့ ၇ ရက်၊ ဒုတိယအကျော့ပွဲစဉ်ကိုတော့ ဧပြီ ၁၃ ရက်နဲ့ ၁၄ ရက်မှာ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ် ပထမအကျော့ကိုတော့ ၂၀၂၇ ခုနှစ် ဧပြီ ၂၇ ရက်နဲ့ ၂၈ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်တွေကိုတော့ လာမဲ့နှစ် မေ ၄ ရက်နဲ့ ၅ ရက်မှာ ယှဉ်ပြိုင်သွားမှာကို တွေ့ရမှာပါ။ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကိုတော့ လာမဲ့ ၂၀၂၇ ခုနှစ် ဇွန် ၅ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး စပိန်နိုင်ငံက မက်ဒရစ်မြို့မှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။

**ဆုကြေးသတ်မှတ်ချက်များ**

ချန်ပီယံလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရအသင်းတွေအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အသင်းတစ်သင်းကို ယူရို ၁၈ ဒသမ ၆၂ သန်းထိ ရရှိမှာဖြစ်ပြီး အုပ်စုအဆင့်ပွဲစဉ်တွေမှာ တစ်ပွဲအနိုင်ရတာနဲ့ တစ်သင်းကို ယူရို ၂ ဒသမ ၁ သန်းရရှိမှာဖြစ်ပါတယ်။ အုပ်စုအဆင့်မှာ သရေရလဒ်ထွက်ပေါ်တဲ့အသင်းတွေကတော တစ်သင်းကို ယူရို ခုနစ်သိန်းရရှိမှာကို တွေ့ရမှာပါ။ အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ အဆင့်(၁)ကနေ အဆင့်(၈)အတွင်း ရပ်တည်နိုင်တဲ့အသင်းတွေက အသင်းတစ်သင်းကို ယူရို နှစ်သန်းစီ အပိုကြေးရရှိမှာဖြစ်ပြီး အဆင့်(၉)ကနေ အဆင့်(၁၆)ထိ အသင်းတွေကတော့ အသင်းတစ်သင်းကို ယူရိုတစ်သန်းစီ အပိုဆုကြေးရရှိမှာကို တွေ့ရမှာပါ။ အဲဒီနောက် ၁၆ သင်းရှုံးထွက်အဆင့်ကို တက်ရောက်နိုင်တဲ့အသင်းတွေကတော့ တစ်သင်းကို ယူရို ၁၁ သန်းထိရရှိမှာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်နိုင်တဲ့ အသင်းတွေကတော့ အသင်းတစ်သင်းကို ယူရို ၁၂ ဒသမ ၅ သန်းထိရရှိမှာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်လာတဲ့အသင်းတွေကတော့ အသင်းတစ်သင်းကို ယူရို ၁၅သန်းထိရရှိမှာဖြစ်သလို ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်တဲ့ ကလပ်အသင်းနှစ်သင်းကတော့ တစ်သင်းကို ယူရို ၁၈ ဒသမ ၅ သန်းစီရရှိမှာကိုတွေ့ရမှာပါ။ ဒ့ါပြင် ဗိုလ်လုပွဲမှာ ချန်ပီယံဆုဖလားရရှိမဲ့အသင်းကတော့ အပိုဆုကြေး ယူရို ၆ ဒသမ ၅ သန်းထိ ရရှိမှာဖြစ်တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ဥရောပကလပ်အသင်းတွေအတွက် ဘဏ္ဍာငွေတိုးတက်ရရှိနိုင်တဲ့ပြိုင်ပွဲဖြစ်တာကြောင့် ကလပ်အသင်းတိုင်းက ဝင်ခွင့်ရရှိဖို့ ဘောလုံးရာသီစတင်ကတည်းက ပစ်မှတ်ထားကြိုးစားနေကြတာဖြစ်ပါတယ်။ ဒ့ါပြင် ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေဟာ ယခုသတ်မှတ်ထားတဲ့ ဆုကြေးတွေအပြင် ကွင်းဝင်ကြေးနဲ့ ရုပ်သံကြေးတွေပါပေါင်းလိုက်ရင် ကလပ်အသင်းတစ်အသင်းကို အနည်းဆုံး ယူရိုငွေ စုစုပေါင်း သန်း ၂၀ ကျော်ထိ ရရှိခဲ့တာကို တွေ့ရမှာပါ။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီကနေ ပြိုင်ပွဲပုံစံပြောင်းလဲကျင်းပခဲ့တဲ့နောက်ပိုင်း ဆုကြေးငွေတိုးမြှင့်ပေးခဲ့သလို ချန်ပီယံဆုဖလားရခဲ့တဲ့အသင်းတွေကတော့ တစ်သင်းကို အနည်းဆုံး ယူရိုသန်း ၁၂၀ ကျော်ရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမှာ ချန်ပီယံဆုဖလားရရှိခဲ့တဲ့ ပီအက်စ်ဂျီအသင်းကတော့ ဆုကြေးငွေ ယူရို ၁၄၄ သန်းထိရရှိခဲ့သလို ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာလဲ ပီအက်စ်ဂျီအသင်းကပဲ ချန်ပီယံဆု ဆက်လက်ကာကွယ်နိုင်ခဲ့ပြီး ဆုဖလားရရှိခဲ့တာကြောင့် ဆုကြေးငွေယူရို ၁၅၆ သန်းနဲ့ အများဆုံးရရှိခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဒုတိယနေရာနဲ့ကျေနပ်ခဲ့ရတဲ့ အာဆင်နယ်အသင်းကတော့ ဝင်ငွေစုစုပေါင်းယူရို ၁၄၈ သန်းထိရရှိခဲ့တာဖြစ်ကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါတယ်။







## ဖခင်အမည်မှန်

မဟာအောင်မြေမြို့နယ်၊ လမ်း 90၊ 35(A)–36(D)၊ SSL ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–2 တွင် ပညာသင်ကြားနေသော မောင်သူရဘုန်းခန့်၏ဖခင်အမည်မှန်မှာ ကျမ်းကျိန်လွှာအရ **ဦးသိန်းထိုက်** ဖြစ်ပါကြောင်း။ **ဦးသိန်းထိုက်(၉/မဟမ(နိုင်)၀၁၅၈၈၅)**

## အမည်ပြောင်း

အမရပူရမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ လိပ်ဆံခွန်၊ ကျောင်းဝင်အမှတ်–၀၀၅၁၊ Grade–5 တွင်ပညာသင်ကြားနေသော (ဘ) ဦးသက်ထွေးအောင်၏သား မောင်သက်နိုင်ဦးအား မောင်ထက်ခိုင်ရဲရင့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထက်ခိုင်ရဲရင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–9(နဝမ)တန်းတွင် ပညာသင်ကြားနေသော မအိမြတ်နိုင်ထွေး၏ဖခင်အမည် ဦးထွေးနှင့် ဦးမောင်ထွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွေး (ခ) ဦးမောင်ထွေး(၅/ဝလန(နိုင်)၀၉၈၀၅၆)**

## အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ Grade–5 တွင် ပညာသင်ကြားနေသော ဦးစံဂျေး(၉/ပဥလ(နိုင်)၀၇၀၃၃၀)၏သား မောင်ဟိန်းထက်အောင်၏အမည်မှန်မှာ မောင်ဉာဏ်ဘုန်းဆက်ဖြစ်ပါကြောင်း။ **မောင်ဉာဏ်ဘုန်းဆက်**

## အဖိုးတန်ရေချိုကို ချွေတာပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အရှေ့ပန်းတိမ်ရပ်နေ ဦးမျိုးသိန်း + ဒေါ်သန်းနွယ်တို့၏သား မောင်ပြည့်ဖြိုးပိုင်(၉/အမရ(နိုင်)၁၂၈၁၈၉)သည် မိဘစကားနားမထောင်ဘဲ နေအိမ်မှ ဆင်းသွားပါသည်။ သို့ဖြစ်ပါ၍ ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများ မည်သူကိုမျှ တာဝန်မယူနိုင်ပါ။

**ဦးမျိုးသိန်း + ဒေါ်သန်းနွယ်**

## အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ Grade–4 တွင် ပညာသင်ကြားနေသော ဦးရန်နိုင်စိုး(၉/ကဆန(နိုင်)၁၄၂၉၅၈)၏သမီး မအိမ့်ကြယ်စင်မိုး၏အမည်မှန်မှာ **မရွှေရည်မိုးမြင့်** ဖြစ်ပါကြောင်း။ **မရွှေရည်မိုးမြင့်**

## ပျောက်ဆုံးကြောင်း

လဲချားမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးလီတဖ (ဘ) ဦးလီရင်ခိုင်(၁၃/လခန(နိုင်)၀၂၂၇၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME–589636)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–254436286**

**ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းတိုက်နယ်၊ စမွန်းစုရပ်ရှိ အရှေ့လားသော်–လမ်း၊ အနောက် လားသော်–ဒေါ်ခင်သိန်း မြေအစပ်၊ တောင်လားသော်–ဒေါ်သောင်း မြေအစပ်၊ မြောက်လားသော်–ဦးဝင်းဌေး မြေအစပ် စသည့် အလားလေးရပ်အတွင်းရှိ အရှေ့အနောက် (၄၀)ပေ၊ တောင်မြောက်(၄၂)ပေ အကျယ်ရှိ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦး ပါဝင်ပစ္စည်းအရပ်ရပ်အားလုံးတို့အား ကျွန်မ ဒေါ်သန္တာဝင်း (ဘ) ဦးဘမြင့်(၅/ဝလန(နိုင်)၀၁၃၅၉၇)သည် (၃–၁၂–၂၀၂၅)နေ့က ဦးကျော်ဆွေ (ဘ) ဦးချစ်လှိုင်(၅/ငဇန(နိုင်)၀၆၁၆၅၃)ထံမှ ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ရောင်းကြေးငွေအပြေအကြေပေးချေပြီး ဝယ်ယူခဲ့ပါသည်။ အထက်ဖော်ပြပါဝိုင်းမြေနှင့် အဆောက်အဦးအား ကျွန်မဒေါ်သန္တာဝင်း တစ်ဦးတည်းသာ ယနေ့အချိန်ထိ လက်ရှိထားစီမံခန့်ခွဲနေသည်မှာ မှန်ကန်ပါကြောင်းနှင့် အထက်ဖော်ပြပါမြေ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာဝင်း (ဘ) ဦးဘမြင့်**
**၅/ဝလန(နိုင်)၀၁၃၅၉၇**
**ဇေယျာရပ်၊ စစ်ကိုင်းမြို့**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

- နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒီဇယ်ဆီတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု စာမျက်နှာ - ၂၆

ဓာတ်မြေဩဇာများတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု စာမျက်နှာ - ၂၆

သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုသွားမည် စာမျက်နှာ - ၂၆

## နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် ရန်ကုန်-ပြည် ရထားလမ်းပိုင်း၌ အမှတ်(၇၃) အဆန်၊ အမှတ်(၇၄) အစုန်ရထားကို DEMU ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲ


ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်ကို ခရီးသွားပြည်သူများလုံခြုံစိတ်ချစွာနှင့်သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေး ဝန်ဆောင်မှုတိုးမြှင့်ပေးရန် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊မေ ၁ ရက်တွင် ရန်ကုန်-မန္တလေး အသွားအပြန်ခရီးစဉ်၊ ဇူလိုင် ၁ ရက်တွင် ရန်ကုန်-မော်လမြိုင်ခရီးစဉ်တို့ကို ခေတ်မီလေအေးပေးစက်ပါ DEMU ရထားများဖြင့်လည်းကောင်း၊ စာမျက်နှာ ၂၅ ကော်လံ ၁ ☆

ရန်ကုန်-ပြည်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်ကြသူများကို တွေ့ရစဉ်။



## တပ်မတော်စစ်ကြောင်းများက အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့်လမ်းကြောင်းမှ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူးဆက်သွယ်ရေးလမ်းကြောင်းနှင့် ကလေးဝ-ယာကြီး-မုံရွာဆက်သွယ်ရေးလမ်းကြောင်းများကို နိုင်ငံတော်အစိုးရ၏ တာဝန်ထမ်းဆောင်မှု ရက် ၁၀၀ ပြည့်မြောက်သည့်နေ့တွင် အောင်မြင်စွာပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်




နေပြည်တော် ဇူလိုင် ၃၁

တပ်မတော်အနေဖြင့် နယ်မြေဒေသအေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့်လူမှုစီးပွားဘဝများတိုးတက်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူးဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အိန္ဒိယနိုင်ငံ မိုရဲမြို့မှ မြန်မာနိုင်ငံကို ဖြတ်ကျော်ပြီး ထိုင်းနိုင်ငံမဲဆောက်မြို့ထိ ကီလိုမီတာ ၁၄၀၀ (၈၄၅ မိုင်) ရှည်လျားမည့် သုံးနိုင်ငံနယ်စပ်ဖြတ်ကျော်လမ်းမကြီးစီမံကိန်းရာနှုန်းပြည့်ပြီးစီးရေးအတွက် ဒေသခံပြည်သူလူထုတို့နှင့်အတူ ပူးပေါင်း၍ ဦးစားပေးဆောင်ရွက်လျက်ရှိရာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့်လမ်းကြောင်းမှ လမ်းပိုင်းများဖြစ်သော အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် ကလေးဝ-ယာကြီး-မုံရွာလမ်းကြောင်းတစ်လျှောက်ကို ဇူလိုင် ၇ ရက်တွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ တာဝန်ထမ်းဆောင်မှုရက် ၁၀၀ ပြည့်မြောက်သည့် ယနေ့တွင်လည်း စာမျက်နှာ ၂၇ ကော်လံ ၁ ❖

၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်စဉ် ဓာတ်အားယာယီပြတ်တောက်မည် စာမျက်နှာ - ၂၃

မန္တလေး-ရန်ကုန်ခရီးစဉ်ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆)အစုန် DEMU ရထားတွဲဆိုင်းကို ခဲဖြင့် ပေါက်သူ ဖမ်းဆီးရမိ စာမျက်နှာ - ၂၉

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၃၁

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ စာမျက်နှာ ၂၆ ကော်လံ ၁ ■

## အမရပူရမြို့နယ်တွင် ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် ကလောမြို့နယ်တွင် ငွေကျပ် ၁၃၀ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၃၁

အမရပူရမြို့နယ်တွင် ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိဘိန်းဖြူများနှင့် ကလောမြို့နယ်တွင် ငွေကျပ် ၁၃၀ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စာမျက်နှာ ၂၆ ကော်လံ ၁ ●



မျိုးဇော်ဦး ခေါ် သာကျော်၊မြင့်ဦး၊ ရဲထွန်း၊ မောင်ဝင်းတို့ကို သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။